တူဒေးစာအုပ်တိုက်

mgyoe.com
SAMPLE BOOK

ထိုင်းနိုင်ငံ၏ အကြီးဆုံးလုပ်ငန်းစု SAHA အုပ်စုကိုတည်ထောင်သူ

# ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏ အတွေးအမြင်

# ၁၀၀

ဒေါက်တာသာထွန်းဦး

mgyoe.com

တူဒေးစာအုပ်တိုက်
အတွေးအမြင်စာစဉ် (၃၉)

mgyoe.com

SAMPLE BOOK



ထိုင်းနိုင်ငံ၏ အကြီးဆုံးလုပ်ငန်းစု SAHA အုပ်စုကိုတည်ထောင်သူ

# ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏ အတွေးအမြင်

# ၁၀၀

ဒေါက်တာသာထွန်းဦး

- ဗဟုသုတသည် ဓားကဲ့သို့ အသုံးပြုလေ ပိုမိုအကျိုးရှိလေဖြစ်ပါသည်။
- မိမိကိုယ်မိမိ သိရှိနေခြင်းသည် လူသားဆန်ပါသည်။
- အရွယ်ကောင်းချိန်တွင် အကျိုးအရှိဆုံး အကောင်းဆုံး အသက်ရှင်နေထိုင်သွားပါ။
- နေရာတိုင်းတွင် ဗဟုသုတရှိပါသည်။ မည်သို့ရယူမည်ဆိုသည်မှာ မိမိနှင့်သာ သက်ဆိုင်ပါသည်။
- ပထမဆုံးသောအမှားသည် မိမိ၏သင်ဆရာ ဖြစ်ပါသည်။
- ပညာရေးနှင့် ပတ်ဝန်းကျင်သည် လူတစ်ဦးချင်းစီ၏ အရည်အသွေးကို တိုးမြှင့်စေပါသည်။
- စကားပြောဆိုခြင်းမှတစ်ဆင့် မိမိအဆင့်အတန်းကို သိသာစေပါသည်။
- ဝေဖန်ခံရခြင်းသည် သင်ယူရန်အခွင့်ကောင်းတစ်ခုဖြစ်ပါသည်။
- ကိုယ်ကျိုးကို ဦးစားပေးလွန်းပါက ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်ပါသည်။
- မြင်းပေါ်မှ ပြုတ်မကျဖူးသည့် သူရဲကောင်း မရှိပေ။
- လုပ်ငန်းတွင် ပြိုင်ဘက်သာရှိသင့်ပြီး ရန်ဘက်ရှိဖို့ မလိုအပ်ပေ။
- ကျန်းမာခြင်းသည် သင့်စီးပွားရေးအနာဂတ်အတွက် အာမခံချက်တစ်ရပ်ဖြစ်ပါသည်။

ISBN 978-99971-50-92-9
9789997150929

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

တူဒေးစာအုပ်တိုက်

အမှတ် H၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂

စာတိုက်သေတ္တာအမှတ် - ၁၁၀၅၁

အမှတ်- ၄၅၊ ၂၈ လမ်း၊ ၇၂ × ၇၃ လမ်းကြား၊

ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊

ဖုန်း - ၀၉၉၁၀၂၇၅၂၄၊ ၀၉ ၄၄၃၂၄၃၂၆၉

mgyoe.com

mgyoe.com SAMPLE BOOK

ပထမအကြိမ်
၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ (၅၀၀)
တန်ဖိုး (၅,၀၀၀) ကျပ်
မျက်နှာဖုံးဒီဇိုင်း
ဇာလင်းထက်
ထုတ်ဝေသူ
ဒေါက်တာသာထွန်းဦး (၀၀၇၉၈)
တူဒေးစာအုပ်တိုက်
အမှတ် H ၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးဝင်းဗိုလ် (၀၀၆၁၆)
ဂျူးဂျူးပုံနှိပ်တိုက်
အမှတ် ၄၂၅၊ အောက်ပုဇွန်တောင်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တူဒေးစာအုပ်တိုက်
စာမူ မူပိုင်© - တူဒေးစာအုပ်တိုက်
ISBN- 978-99971-50-92-9

၆၅၈
ဒေါက်တာသာထွန်းဦး
ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏အတွေးအမြင် ၁၀၀/ဒေါက်တာသာထွန်းဦး။
—— ရန်ကုန်၊ တူဒေးစာအုပ်တိုက်၊ ၂၀၁၉။
၂၆၁ စာ၊ ၂၀ စင်တီ။ —— (အတွေးအမြင်စာစဉ် - ၃၉)
မူရင်းအမည် - 100 Anniversary of Dr.Thiam Chokwatana 100 Philosophical Thoughts
(၁) ဒေါက်တာသာထွန်းဦး
(၂) ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏အတွေးအမြင် ၁၀၀

mgyoe.com

mgyoe.com SAMPLE BOOK

အတွေးအမြင်စာစဉ် ( ၃၉ )

ထိုင်းနိုင်ငံ၏
အကြီးဆုံးလုပ်ငန်းစု SAHA အုပ်စုကိုတည်ထောင်သူ

# ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏
# အတွေးအမြင် ၁၀၀

ဒေါက်တာသာထွန်းဦး

**100TH ANNIVERSARY OF DR.THIAM CHOKWATANA**

**100 PHILOSOPHICAL THOUGHTS**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

- ထုတ်ဝေသူအမှာ
- ဘာသာပြန်သူအမှာစာ

ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏ ကိုယ်ရေးအကျဉ်း ... ၁
ဖြတ်သန်းခဲ့သည့်ဘဝအစိတ်အပိုင်းခြောက်ခု ... ၄
ငွေကြေးဆိုင်ရာနာမည်ကောင်းရှိရန်လိုပါသည် ... ၉
Lee Peiw Ha စတိုးဆိုင် ... ၁၁
Hiap Ha စတိုးဆိုင် ... ၁၃
Hiap Seng Chieng စတိုးဆိုင် ... ၁၅
Hip Hing Hong ကုမ္ပဏီလီမိတက် ... ၁၇
Saha Pathanapibul ကုမ္ပဏီလီမိတက် ... ၁၈
Far East Advertising ကုမ္ပဏီလီမိတက် ... ၂၁
Lion Corporation (Thailand) လီမိတက် ... ၂၃
Thai President Foods ကုမ္ပဏီလီမိတက် ... ၂၅
Saha Pathana Inter-Holding Public ကုမ္ပဏီလီမိတက် ... ၂၇
Saha အုပ်စု ကုမ္ပဏီများ ... ၂၉

mgyoe.com

mgyoe.com SAMPLE BOOK

- Dr Thiam Chokwatana ၏ ပရဟိတလုပ်ငန်း ... ၃၂

အတွေးအခေါ်

- ပညာရေးနှင့်သင်ယူလေ့လာခြင်း ... ၃၆

- စီးပွားရေးလုပ်ဆောင်မှုနှင့် စီမံခန့်ခွဲမှု ... ၇၂

- အမြော်အမြင်ရှိစွာဖြင့် ဘဝတွင် အသက်ရှင်ခြင်း ... ၁၆၀

- ပျော်ရွှင်သောလူ့အသိုက်အဝန်း ... ၂၀၄

ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏ နှစ် ၆၀ ကြာ

အတွေ့အကြုံများ အခြေခံသည့်စီးပွားရေးစီမံခန့်ခွဲမှု ... ၂၃၆

ခံယူချက် ၇ ရပ် ... ၂၇၇

အကြောင်းအရာ ၅ ချက် ... ၂၄၈

mgyoe.com

mgyoe.com SAMPLE BOOK

# ထုတ်ဝေသူအမှာ

*နာမည်ကောင်းကျန်ရစ်ခဲ့ခြင်းသည် သေလျှင်ပြီးပြီဟု ယုံကြည်ထားသူတို့အနေဖြင့် လက်ခံနိုင်ခြေနည်းသော အယူအဆတစ်ရပ်ဖြစ်ပေမည်။*

ထိုင်းနိုင်ငံသမိုင်းကို ကမ္ဘာ့သမိုင်းနှင့် ယှဉ်တွဲဖော်ပြပြီး ထိုင်းနိုင်ငံရေးနှင့် စီးပွားရေးဆက်နွယ်ချိတ်ဆက်မှု၊ စိန်ခေါ်မှုအခက်အခဲများကို အောင်အောင်မြင်မြင်ဖြတ်သန်းလာခဲ့သည့် တရုတ်လူမျိုးတစ်ဦး၏ လုပ်ငန်းအဆင့်ဆင့်တည်ဆောက်လာပုံ ဘဝသမိုင်းကြောင်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးဖွဲ့ထားပါသည်။

လူတစ်ဦး၏ ဘဝနှင့် စီးပွားရေးလုပ်ငန်းတစ်ခု၏ ပြောင်းလဲမှုများကို အဆုံးအဖြတ်ပေးရာတွင် နိုင်ငံရေးနှင့် စီးပွားရေးတို့၏အရေးပါပုံကို သိမြင်လာနိုင်စေသည့်စနစ်ဖြစ်သည်။ အသက် ၁၅ နှစ်အရွယ်တွင် ကျောင်းပညာဆက်မသင်နိုင်တော့ဘဲ ဖခင်ဖြစ်သူ၏လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ပေးခဲ့ရာမှ အဆင့်ဆင့်မြင့်တက်လာခဲ့သော ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏ ဘဝကောင်းကြောင်းမှာ မျိုးဆက်သစ်ခေတ်လူငယ်တို့ အတုယူဖွယ် ဖြစ်ပါသည်။

နှစ် ၆၀ ကျော် စီးပွားရေးနယ်ပယ်တွင် ကျင်လည်ခဲ့ရာမှ တွေ့ရှိလာရသော အတွေးအမြင်အတွေ့အကြုံများမှတစ်ဆင့် သူ၏ရိုးသားမှု၊ ကြိုးစားမှု၊ စိတ်စေတနာဖြောင့်မတ်မှု၊ ပေးကမ်းလှူဒါန်းလိုသော သဒ္ဓါတရားတို့ကို ရှင်းရှင်းလင်းလင်းသိမြင်ရပါသည်။ ထိုင်းနိုင်ငံတွင် မိဘများ

mgyoe.com

mgyoe.com SAMPLE BOOK

အနေဖြင့် မိမိတို့၏ သားသမီးများအား ဒေါက်တာတီရမ်၏ လမ်းညွှန်ပြသမှုကို ခံယူနိုင်ရန် Saha အုပ်စုတွင် အလုပ်ဝင်ရောက်လုပ်ကိုင်စေသည်ဟု ဖတ်ရှုရာ အလွန်ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

မူရင်းစာအုပ်သည် အသက် ၇၅ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သော ဒေါက်တာတီရမ်၏ အသက် ၁၀၀ ပြည့် အမှတ်တရအဖြစ် ထုတ်ဝေထားသော စာအုပ်ဖြစ်ပါသည်။ ဒေါက်တာတီရမ်၏ ဂုဏ်သိက္ခာသမာဓိကို ချီးမြှင့်လိုသောအားဖြင့် အင်္ဂလိပ်၊ ထိုင်း၊ တရုတ်၊ သုံးဘာသာဖြင့် ထုတ်ဝေပြီးဖြစ်သောစာအုပ်ကို ယခုအခါ တရားဝင်ခွင့်ပြုချက်ရယူပြီး မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေလိုက်ရပါသည်။

တူဒေးစာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူအမှာစာ

ကျွန်တော့်အနေဖြင့် လုပ်ငန်းတာဝန်နှင့် စာဖတ်ဝါသနာအရ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစာအုပ်များစွာ ဖတ်ရှုလေ့လာရပါသည်။ ထိုစာအုပ်များ၏အများစု ၉၅ ရာခိုင်နှုန်းအထိမှာ အနောက်နိုင်ငံများမှ ပညာရှင်များ၊ စီမံခန့်ခွဲသူများနှင့် ဂုရုများ၏ သင်ခန်းစာများ၊ ဘဝဇာတ်ကြောင်းများနှင့် ဗဟုသုတများဖြစ်ကြပြီး မိမိတို့အာရှတိုက်သားများ ရေးသားသောစာအုပ်များ လွန်စွာရှားပါးလေသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး ပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးမှုမှာ နိုင်ငံတကာနှင့် သို့မဟုတ် အာရှနိုင်ငံများနှင့်စာလျှင် နောက်ကျခဲ့ရာ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ စံပြုနိုင်လောက်သည်ထိ ပုဂ္ဂိုလ်များ အားနည်းခဲ့၊ အားနည်းဆဲဖြစ်ပါသည်။

အနောက်နိုင်ငံများမှ စီးပွားရေးဆိုင်ရာပညာရှင်များ၊ လုပ်ငန်းရှင်များ၏ အတွေ့အကြုံဗဟုသုတနှင့် အတ္ထုပ္ပတ္တိတို့သည် ကျွန်တော်တို့အတွက် များစွာအထောက်အကူပြုသည်မှာ မှန်သော်လည်း အာရှတိုက်မှဆိုပါက မိမိတို့နှင့် အတွေးအခေါ်၊ ခံယူချက် ပိုမိုနီးစပ်ဖွယ်ရာရှိသည်ဟု ယုံကြည်မိပါသည်။

ဒေါက်တာ တီရမ်ချုပ်ဝတ္တနာသည် ရေကြည်ရာမြက်နုရာဖြစ်သော ထိုင်းနိုင်ငံသို့ တရုတ်နိုင်ငံမှအခြေချ ပြောင်းရွှေ့လာပြီး ဖခင်၏ လုပ်ငန်းလေးကို ချဲ့ထွင်လုပ်ကိုင်ရင်းမှ ထိုင်းနိုင်ငံတွင် လေးစားရသော

mgyoe.com

mgyoe.com SAMPLE BOOK

စီးပွားရေး လုပ်ငန်းစုကို နှစ်ပေါင်း ၆၀ အတွင်း လျင်မြန်စွာ တည်ထောင်နိုင်ခဲ့သူဖြစ်ပါသည်။ ဆက်လက်၍လည်း မိသားစုဝင် သား၊ သမီးများကို လက်ဆင့်ကမ်းနိုင်ခဲ့ပြီး ၎င်းတို့မှ တစ်ဆင့်လုပ်ငန်းနယ်ပယ်မျိုးစုံကို ဂုဏ်သိက္ခာရှိရှိ နာမည်ကောင်းရှိစွာဖြင့် တည်ထောင်နိုင်ခဲ့ကြပါသည်။

ဒေါက်တာ တီရမ်ချုပ်ဝတ္တနာ၏ အသက်ရာပြည့်မွေးနေ့ အမှတ်တရ ထုတ်ဝေသော ဤမူရင်းစာအုပ်တွင် သူ၏ဘဝဖြတ်သန်းမှု၊ အတွေးအခေါ်၊ သင်ခန်းစာများအပြင် စီးပွားရေး၊ လူမှုရေးမိသားစုဆိုင်ရာအတွေးအခေါ်များကို အချက် ၁၀၀ ဖြင့် ဖော်ပြထားပါသည်။

ကျွန်တော့်အနေဖြင့် အထက်ကဆိုခဲ့သည့်အတိုင်း မြန်မာ့ရေခံမြေခံ အတွေးအခေါ်၊ အယူအဆ၊ ထုံးတမ်းစဉ်လာတို့နှင့်နီးစပ်သော ဒေါက်တာ တီရမ်ချုပ်ဝတ္တနာ စာအုပ်ကို ဖတ်မိသည့်အခါ ကျွန်တော်တို့ ညီအကိုမောင်နှမလုပ်ဖော်ကိုင်ဖက်များ၊ ဆရာသမားများ၊ မိတ်ဆွေများကို ဖတ်ရှုစေလိုပါသဖြင့် ဤစာအုပ်ကို ဘာသာပြန်ဆိုခွင့်ရရန် ကြိုးစားပြီး ဘာသာပြန်ဆိုလိုက်ရပါသည်။

ဤစာအုပ်ကို ဘာသာပြန်ရန် ခွန်အားပေးသော ထာဝရဘုရား သခင်ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့ကို ရှေးဦးစွာ ကျေးဇူးတော်ချီးမွမ်းပါသည်။ ကျွန်တော်ဘာသာပြန်စဉ် ဆုတောင်းပံ့ပိုးခဲ့သော ဇနီးနှင့်မိသားစု၊ စာစီပေးသောမဇင်မာဌေး၊ တည်းဖြတ်ဖတ်ရှုပေးသော မဝါဝါဆွေ၊ အဖုံးဆွဲပေးသော ကိုစောရန်နိုင်၊ ကိုဇာလင်းထက်၊ စာအုပ်ထွက်ရှိရန် လုပ်ကိုင်ပေးသော ကိုဇော်ဝင်းနှင့် TODAY မှ လုပ်ဖော်ကိုင်ဖက်များကို ကျေးဇူးအထူးတင်ပါသည်။ ဤစာအုပ်ကို တရားဝင်ထုတ်ဝေခွင့်ရရန် ကူညီပေးသော Khun Wasin Teyateeti နှင့် ထုတ်ဝေခွင့်ပြုသော Chokwatana Foundation ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏ ကိုယ်ရေးအကျဉ်း

- ၁၉၁၆- ဒေါက်တာတီရမ်ချုပ်ဝတ္တနာသည် ဇွန်လ ၂၄ရက် ၁၉၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ဖွားမြင်ခဲ့သည်။
- ၁၉၂၂- ဖခင်ကိုအဖော်ပြုပြီး တရုတ်ပြည်သို့ရောက်သွားရာ ထို အချိန်တွင် တရုတ်တစ်ပြည်လုံးအင်တော်ဘေးကြုံနေသည်ကို ဒေါက် တာတီရမ်ချုပ်ဝတ္တနာကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ပါသည်။
- ၁၉၃၂-ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏ မွေးသမိခင် ဆုံးပါးသွားခဲ့ သည်။
- ၁၉၃၃-ခွန်ဆိုင်းပင်းဒါရကာနန္ဒဒနှင့် အိမ်ထောင်ပြုပြီးပထမသား ဘွန်းအက်ချုပ်ဝတ္တနာကို ဖွားမြင်ခဲ့သည်။
- ၁၉၃၆-ဒုတိယမြောက်သား ဘွန်းပကွန်းချုပ်ဝတ္တနာကိုဖွားမြင်ခဲ့ သည်။
- ၁၉၃၇-တတိယမြောက်သား ဘွန်းစီသီချုပ်ဝတ္တနာကို ဖွားမြင်ခဲ့သည်။
- ၁၉၃၈-သမီးကြီးစီရီရွှန်ချုပ်ဝတ္တနာကို ဖွားမြင်ခဲ့သည်။
- ၁၉၄၂-လီဖျူးဟာမိသားစုလုပ်ငန်းအတွင်းရေး ပဋိပက္ခဖြစ်ပွားခဲ့ သည်။ ဒေါက်တာတီရမ်ချုပ်ဝတ္တနာက Hiap Ha စတိုးဆိုင်ကြီးကို ဦးစီး ဖွင့်လှစ်ခဲ့သည်။
- ၁၉၄၃-စီရီနာ ချုပ်ဝတ္တနာနှင့် နရုန်ချုပ်ဝတ္တနာတို့ကို ထပ်မံဖွားမြင် ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

- ၁၉၄၇-Hip Hing Hong Co.,Ltd ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာက ဟောင်ကောင်တွင် တည်ထောင်ခဲ့သည်။ သားအကြီးနှစ်ဦးဖြစ်သည့် ဘွန်းကစ်ချုပ်ဝတ္တနာနှင့် ဘွန်ချိုင်းချုပ်ဝတ္တနာတို့ကို ဖွားမြင်ခဲ့သည်။
- ၁၉၅၀-ဒေါက်တာတီရမ်ချုပ်ဝတ္တနာ၏ ဖခင်ကွယ်လွန်ခဲ့သည်။
- ၁၉၅၂-Kyoto နှင့် Osaka မြို့တို့တွင် Kyogo Company ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာ တည်ထောင်ခဲ့သည်။
- ၁၉၅၉- World Trading Co.Ltd, Thai Capital Co.Ltd နှင့် Bangkok Lion Company တို့ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာတည်ထောင်ခဲ့သည်။
- ၁၉၆၀- Sampanthamitr Co.Ltd ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာ တည်ထောင်ခဲ့သည်။
- ၁၉၆၄- Ratchathani Co.Ltd, Newcity (Bangkok) Co.Ltd, I.C.C International Co.Ltd နှင့် Far East Advertising Company တို့ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာတည်ထောင်ခဲ့သည်။
- ၁၉၆၅-Universe Beauty Co.Ltd ကို တည်ထောင်ခဲ့သည်။
- ၁၉၆၆- The Lion Dentifrice (Thailand) Co.Ltd ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာတည်ထောင်ခဲ့သည်။
- ၁၉၆၇- Lion Corporation (Thailand) Ltd ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာဦးစီတည်ထောင်ခဲ့သည်။
- ၁၉၆၉- Hann Fah Co.Ltd ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာတည်ထောင်ခဲ့သည်။
- ၁၉၇၂- Saha Pathana Inter-Holding Co.,Ltd ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာတည်ထောင်ခဲ့သည်။
- ၁၉၇၄- Saha Group ကို ဒေါက်တာတီရမ်ချုပ်ဝတ္တနာတည်ထောင်ခဲ့သည်။ ပြီးနောက် Sri Racha Industrial Park ကို တည်ဆောက်ခဲ့သည်။

mgyoe.com

mgyoe.com 
SAMPLE BOOK

- ၁၉၇၇- New City (Bangkok) Co.Ltd နှင့် Saha Pathana Inter-Holding Co.,Ltd ကုမ္ပဏီနှစ်ခုထိုင်းနိုင်ငံစတော့အိပ်ချိန်းတွင် အမည်ပေါက်စာရင်းဝင်ခဲ့သည်။
- ၁၉၇၈-ဒေါက်တာတီရမ်ချပ်ဝတ္တနာ ၏ ShahaPathanapibul Co. Ltd, Thai President Foods Co.Ltd, Bangkok Nylon Co.Ltd. နှင့် I.C.C International Co.Ltd ကုမ္ပဏီများ ထိုင်းနိုင်ငံစတော့ အိပ်ချိန်းတွင် အမည်ပေါက်စာရင်းဝင်ခဲ့သည်။
- ၁၉၈၃- Thai Wacoal Co.Ltd နှင့် Bangkok Rubber Co.Ltd တို့ ထိုင်းနိုင်ငံစတော့အိပ်ချိန်းတွင် အမည်ပေါက်စာရင်းဝင်ခဲ့သည်။
- ၁၉၈၆-ဒေါက်တာတီရမ်ချပ်ဝတ္တနာ၏ Saha Group က Dr.Thiam Chokwatana Foundation ကို တည်ထောင်ခဲ့သည်။
- ၁၉၈၇- Thanulux Co.Ltd, Textile Prestige Co.Ltd နှင့် Boutique Newcity Co.Ltd ကုမ္ပဏီများထိုင်းနိုင်ငံစတော့အိပ်ချိန်းတွင် အမည်ပေါက် စာရင်းဝင်ခဲ့သည်။
- ၁၉၈၈- Pan Asia Footwear Co.Ltd သည် ထိုင်းနိုင်ငံစတော့အိပ်ချိန်းတွင် အမည်ပေါက်စာရင်းဝင်ခဲ့သည်။
- ၁၉၉၁-ဇွန်လ ၂၉ ရက်နေ့တွင် အသက် ၇၅ နှစ်အရွယ် ဒေါက်တာတီရမ်ချပ်ဝတ္တနာကွယ်လွန်ခဲ့သည်။ စီးပွားရေးလောကတွင် နှစ်ပေါင်း ၆၀ တိတိကျင်လည်ခဲ့သည်။
- ၁၉၉၈- "ထိုင်းနိုင်ငံသည် အကောင်းဆုံး" ခေါင်းစဉ်ဖြင့် Saha Group က ဦးစီး၍ ပထမဦးဆုံးသော Saha Group ကုန်စည်ပြပွဲကြီးကို ကျင်းပ ခဲ့သည်။
- ၂၀၀၃- Daiso Sangyo (Thailand) Co.Ltd ကို တည်ထောင်ခဲ့သည်။
- ၂၀၀၇- Sun 108 Co.Ltd ကုမ္ပဏီကို တည်ထောင်ခဲ့သည်။
- ၂၀၁၆-ဒေါက်တာတီရမ်ချပ်ဝတ္တနာ နှစ်တစ်ရာပြည့် အခမ်းအနားကိုကျင်းပခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဖြတ်သန်းခဲ့သည့်ဘဝအစိတ်အပိုင်းခြောက်ခု

Lee Piew Ha ၊ Hiap Ha နှင့် Hiap Seng Chieng စတိုးဆိုင်များမှ Saha Pathanapibul Company Ltd အဆင့်ထိ တက်လှမ်းခဲ့သော ကျွန်တော်၏ဘဝရှန်းကန်ဖြတ်သန်းမှုကို အပိုင်းခြောက်ပိုင်းခွဲခြား၍ ရပါသည်။

**ပထမအစိတ်အပိုင်း - ဒုတိယကမ္ဘာစစ်မတိုင်မီကာလ၊ သို့မဟုတ် သင်ယူလေ့လာဆဲကာလ ။** ။ ထိုကာလတွင် ဖခင်ဖြစ်သူနှင့် အလုပ်တွဲလုပ်နေဆဲဖြစ်၍ အလုပ်ပင်ပန်းပြီး ကြမ်းတမ်းသောဘဝလည်းဖြစ်ပါသည်။ ဖခင်က အလုပ်ကြိုးစားလုပ်ကိုင်ရန်နှင့် လုံ့လဝီရိယရှိရန် လေ့ကျင့်သင်ကြားပေးခဲ့သည်။ ကျွန်တော့်အနေဖြင့် ငယ်ရွယ်သန်မာကျန်းမာသည့်ကာလဖြစ်သဖြင့် မည်သည့်ကိစ္စမျိုးမဆို လုပ်ကိုင်နိုင်လေသည်။ အရောင်းစာရေးတာဝန်ယူရသည့်ကာလရောက်သောအခါ ဈေးကွက်၊ ကုန်ပစ္စည်းများနှင့် ဖောက်သည်များကို သိရှိလာခဲ့ရသည်။ လူအများကို သိကျွမ်းလာခဲ့ရပြီး မိတ်ဆွေများ တိုးပွားခဲ့သဖြင့် ထိုကာလသည် ဘဝ၏အခြေခံကောင်းကာလဖြစ်ခဲ့သည်။

မပြည့်စုံသည့်၊ ငယ်ရွယ်သည့်ကာလ အသက်ဆယ့်ခုနစ်နှစ်တွင် အိမ်ထောင်ကျလေသည်။ ကိုယ်ဝန်ရှိကြောင်း သိရသည့်အချိန်တွင် ဇနီးနှင့် ကလေးကို လုံလောက်စွာကျွေးမွေးနိုင်ပါ့မလားဟု စိုးရိမ်လာ

mgyoe.com

mgyoe.com 

သည်။ ထို့ကြောင့် အလုပ်ကို ယခင်ကထက် ပိုကြိုးစားလုပ်ကိုင်လုပ်ကိုင်ခဲ့တော့သည်။ ထိုကာလတွင် ဖခင်ဖြစ်သူမှာ လုပ်ငန်းတစ်ခုလုံး၏ အကြီးအကဲဖြစ်ရာ ညီများနှင့် ဆွေမျိုးသားချင်းတို့က လေးစားကြလေသည်။ သို့သော် မိသားစုအဖွဲ့ဝင်များပြားလှသဖြင့် မကြာခဏဆိုသလို အငြင်းပွားမှုနှင့် စကားများမှု ကြုံရလေသည်။ ကျွန်တော့်အနေဖြင့် ထိုအဖြစ်အပျက်များကို သင်ခန်းစာယူလေ့လာခဲ့သဖြင့် နောင်တွင် မိမိ၏မိသားစုကို စီမံခန့်ခွဲရာ၌ အသုံးဝင်လှလေသည်။

ဖခင်ကြီး၏မိသားစုတွင် ဖခင်ကြီး၊ မိမိ၊ ညီငယ် သုံးယောက်၊ မိမိဇနီးနှင့် ကလေးလေးယောက် ပါဝင်လေသည်။

**ဒုတိယအစိတ်အပိုင်း - ဒုတိယကမ္ဘာစစ်ကာလနှင့် စစ်လွန်ကာလ**

။ ။ ဤကာလတွင် လုပ်ငန်းကြီးထွားရန် လှုပ်ရှားရသည့်ကာလဖြစ်ပါသည်။ ထိုကာလတွင် လုပ်ငန်းပိုင်ရှင်ဖြစ်လာသူ ကျွန်တော့်အနေဖြင့် အသက်နှစ်ဆယ့်ခြောက်နှစ်ဖြစ်ပြီး မူလစတိုးဆိုင်မှ နောက်တစ်ဆိုင်တိုးချဲ့ဖွင့်လှစ်ပြီး ကုန်ခြောက်မျိုးစုံသာမက နိုင်ငံခြားမှ တင်သွင်းသောကုန်ပစ္စည်းများ၏ကိုယ်စားလှယ်နှင့် ဖြန့်ချိသူအဖြစ် လုပ်ကိုင်ခဲ့လေသည်။

နေ့စဉ် လုပ်ကိုင်ရသည့်ကုန်ပစ္စည်းဝယ်ခြင်းနှင့် ရောင်းခြင်းမှ တစ်ဆင့် သင်ခန်းစာမျိုးစုံ ရရှိလေသည်။ တစ်ခါတစ်ရံ အဝယ်မှားသကဲ့သို့ တစ်ခါတစ်ရံ မှန်ကန်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်လေသည်။ ထိုသင်ခန်းစာများမှတစ်ဆင့် ပိုမိုကောင်းမွန်နိုင်သောဆုံးဖြတ်ချက်များ ချမှတ်ရန် အခြေခံကောင်းများ ဖြစ်လာပါသည်။ စစ်ပြီးကာလတွင် အရောင်းအဝယ်မကောင်းသော်လည်း ဟောင်ကောင်သို့ မကြာခဏ ခရီးထွက်ပြီး ကုန်ပစ္စည်းမျိုးစုံဝယ်ယူခဲ့လေသည်။ အခေါက်တိုင်း အကျိုးအမြတ် ရရှိခဲ့ပြီးနောက် ဂျပန်သို့ခြေဆန့်ခဲ့ပြန်ပါသည်။ ထိုမှတစ်ဆင့် အခြေခံကောင်းများနှင့် သင်ခန်းစာကောင်းများရရှိခဲ့ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မူလအစ Hiap Seng Chieng စတိုးဆိုင်၏ဖောက်သည်များမှာ ဘန်ကောက်မြို့မှသာဖြစ်သော်လည်း နိုင်ငံအဝန်းလက်လှမ်းမီရန်လိုအပ်လာရာ နယ်များသို့ ထိုးဖောက်ရန်ပြင်ဆင်ကြိုးစားလုပ်ကိုင်ခဲ့၍ အောင်မြင်မှုများ ရရှိခဲ့ပသါည်။

ထို့ပြင် ဟောင်ကောင်၌ Hip Hing Hong ကုမ္ပဏီ၊ တရုတ်နိုင်ငံ၊ ရှန်တို၌ Hiap Tai စတိုးဆိုင်နှင့် ဂျပန်နိုင်ငံတွင် Kyogo ကုမ္ပဏီတို့ ဖွင့်လှစ်တိုးချဲ့နိုင်ခဲ့ပါသည်။

ထို့ပြင် သူငယ်ချင်းများနှင့် အကျိုးတူလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် ဆက်နွယ်သည့် Kieng Sae ကုမ္ပဏီနှင့် ဆောက်လုပ်ရေးပစ္စည်းများ ဖြန့်ချိသည့် Western ကုမ္ပဏီတို့ကိုလည်း ထူထောင်ခဲ့ပြန်ပါသည်။

သားသမီးစုစုပေါင်း ရှစ်ယောက်ထိ တိုးပွားလာပြီး မိသားစုမှာလည်း ပျော်ရွှင်စရာမိသားဖြစ်ကာ ကလေးတိုင်းသည်လည်း ကောင်းမွန်သော ပညာရေးဆည်းပူးခွင့်ရခဲ့ပါသည်။

**တတိယအစိတ်အပိုင်း - ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်ရေးကာလ ။ ။** အစိုးရအနေဖြင့် နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရည်ရွယ်လျက် BOI (Board of Investment) ဖွဲ့စည်းလျက် လုပ်ဆောင်ပါသည်။ နဂိုကတည်းက Saha Pathanapibul အုပ်စုနှင့် ဂျပန်တို့အနေဖြင့် ခိုင်ခန့်သည့် ဆက်ဆံမှုရှိသည့်အပြင် သားဖြစ်သူ ဘွန်းစီသီသည် ဂျပန်တွင် ခြောက်နှစ်ပညာသင်ကြားခဲ့ရာ ဂျပန်တို့၏အတွေးအခေါ်နှင့် စိတ်နေစိတ်ထားကို နားလည်သိရှိသဖြင့် ဂျပန်စီးပွားရေးလုပ်ဆောင်လုပ်ငန်းရှင်များ၊ မန်နေဂျာများနှင့် အဆင်ပြေစွာ ဆက်ဆံနိုင်သောကြောင့် ဂျပန်ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်လေသည်။ Lion ကော်ပိုရေးရှင်း (ထိုင်း) ကို ပူးပေါင်းတည်ထောင်နိုင်သည့်နောက်ပိုင်းတွင် Far East Advertising ကုမ္ပဏီ၊ Thai President Foods ကုမ္ပဏီနှင့် Saha Pathana Inter-Holding ကုမ္ပဏီတို့ကို

mgyoe.com

mgyoe.com SAMPLE BOOK


တည်ထောင်နိုင်ခဲ့ပါသည်။

မူလ ဆူခွန်ဗစ် ၂၈ လမ်းအိမ်မှ ပိုမိုကျယ်ဝန်းသော Bana--sarn အိမ်သို့ပြောင်းရွှေ့ခဲ့ပါသည်။ ဇနီးဖြစ်သူမှာ ပန်းပင်သစ်ပင်စိုက်ပျိုးခြင်းနှင့် ဥယျာဉ်လုပ်ကိုင်ခြင်းကို ဝါသနာထုံသူဖြစ်သည့်အပြင် ကြက်၊ ငှက် မွေးမြူခြင်းကိုလည်း ဝါသနာပါသည်။

Saha အုပ်စုမှာ တဖြည်းဖြည်းခွဲထုတ်လာရာ ပထမလူငယ်အုပ်စုမှာ Sahapat ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းခွဲများ ခွဲဖြန့်ထူထောင်လာကြသည်။ ဒုတိယအုပ်စုမှာ I.C.C ကုမ္ပဏီ၊ New city (Bangkok) ကုမ္ပဏီ၊ Universe Beauty ကုမ္ပဏီ၊ Bangkok Rubber ကုမ္ပဏီနှင့် Sun Color ကုမ္ပဏီတို့ ထူထောင်ခဲ့ပြန်ပါသည်။

**စတုတ္ထအစိတ်အပိုင်း - Phra Khanong အိမ်ရာသို့ ရွှေ့ပြောင်းခြင်း** ။ ။ သားသမီးများမှာ အရွယ်ရောက်လာပြီးဖြစ်ရာ ကျွန်တော်၏လုပ်ငန်းများသို့ ဝင်ရောက်ကူညီတာဝန်ယူလာကြပြီဖြစ်ပါသည်။

သားသမီးအများစုမှာလည်း အိမ်ထောင်ရက်သားကျကာ ကိုယ်ပိုင်မိသားစုများရှိလာပြီဖြစ်ပါသည်။ ကျွန်တော်၏မေတ္တာရပ်ခံချက်တစ်ခုမှာ လစဉ်မိသားစုအားလုံးနှင့် တစ်ကြိမ် ထမင်းစားရန်ဖြစ်ပြီး အိမ်ထောင်ရှိသောသားသမီးများမှ အလှည့်ကျ မိမိအိမ်တွင် တာဝန်ယူ ဧည့်ခံရန်ဖြစ်ပါသည်။ သို့မှသာအချင်းချင်းမေတ္တာမပျက်၊ သံယောဇဉ်ရှိမည်ဖြစ်ပြီး မြေးယောကျ်ားကိုးယောက်နှင့် မြေးမိန်းကလေးရှစ်ယောက် စုစုပေါင်းမြေးဆယ့်ခုနစ်ယောက်ရှိလေသည်။

**ပဥ္စမအစိတ်အပိုင်း - မိမိ၏စီမံခန့်ခွဲမှုကို သားသမီးများအားလွှဲပြောင်းပေးခြင်း** ။ ။ သားသမီးများအနေဖြင့် ၎င်းတို့ဦးဆောင်ရသောလုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာလုပ်ဆောင်နိုင်ကြပြီး ကုမ္ပဏီများလည်း ထပ်မံတိုးချဲ့လုပ်ကိုင်ကြပြန်ရာ အထူးသဖြင့် I.C ကုမ္ပဏီအနေဖြင့် လုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ခဲ့ပါသည်။ ဤသည်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

လည်း သားဖြစ်သူ ဘွန်းစီသီ ၏ ဂျပန်တို့နှင့် ကောင်းမွန်သောဆက်ဆံရေးရှိခြင်းက အဓိကကျလေသည်။ လုပ်ငန်းကုမ္ပဏီအများအပြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်လေသည်။ နောက်ပိုင်းတွင် SAHA အုပ်စု၏ ကုမ္ပဏီများသည် ထူးခြားပြောင်မြောက်စွာ လုပ်ဆောင်နိုင်ကြပြီး စတော့ဈေးကွက်တွင် ပါဝင်နိုင်ခဲ့လေသည်။

မြေးများမှာလည်း တချို့မှာ အရွယ်ရောက်လာပြီး မိသားစုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ကြသကဲ့သို့ တချို့မှာ ပညာသင်ကြားနေဆဲဖြစ်ပါသည်။ မြေးများ မကြာမကြာတွေ့ဆုံနိုင်ရန် တိုက်တွန်းခဲ့ပါသည်။

**ဆဋ္ဌမအစိတ်အပိုင်း - ဘဝ၏အပျော်ရွှင်ဆုံးအချိန် ။** ။ ယခုအချိန်တွင် ကျွန်တော့်၏သားသမီးများနှင့် မြေးများမှာ အရွယ်ရောက်လာကြပြီဖြစ်ပါသည်။ အကြီးဆုံးမြေးယောကျာ်းလေးပင်လျှင် အိမ်ထောင်ကျပြီးဖြစ်ပါသည်။ မိသားစုဝင်တိုင်း၊ ကျရာတာဝန်ကို မညည်းမညူလုပ်ဆောင်ကြသဖြင့် ကျွန်တော့်အနေဖြင့် ကျေနပ်အားရဖြစ်မိပါသည်။ မြေးများကိုလည်း ရိုးသားရန်၊ လုံ့လဝီရိယရှိရန်၊ ကြံ့ကြံ့ခံရင်ဆိုင်ရန်၊ နာမည်ကောင်း တည်ဆောက်ရန်၊ မိတ်ဆွေကောင်းများနှင့် ပေါင်းသင်းတတ်ရန်၊ သူတစ်ပါးအား အခွင့်အရေးမယူရန်၊ မျှတမှုရှိရန်နှင့် ရန်သူမထားရန် အမြဲသွန်သင်ဆုံးမလေသည်။

အလှူဒါနပြုလုပ်ခြင်းကို စိတ်အားထက်သန်သဖြင့် ကောင်းမှုပြုရန်အတွက် Dr Thiam Chokwatana Foundation ကို တည်ထောင်လုပ်ဆောင်ခဲ့ပါသည်။ Burapha တက္ကသိုလ်မှ ချီးမြှင့်သောဂုဏ်ထူးဆောင်ဘွဲ့ရရှိခဲ့ပြီး ထိုနှစ်ဖွဲ့ပူးပေါင်း၍ လူအများအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်နေပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## ငွေကြေးဆိုင်ရာနာမည်ကောင်းရှိရန်လိုပါသည်

ဒုတိယကမ္ဘာစစ်မဖြစ်ပွားခင်အချိန်တွင် ရွှေဈေးကွက်မှာ အတက်အကျအလွန်ကြမ်းပြီး ကျွန်တော်၏မိတ်ဆွေတစ်ယောက်မှာ ရွှေပွဲစားဖြစ်ပါသည်။ တစ်နေ့တွင် သူက ကျွန်တော့်အား ရွှေတစ်ဘတ်သား (၁၅. ၂၄၄ ဂရမ်) ကို ၇၅၀ ဘတ်နှင့် ဝယ်ရန် ကမ်းလှမ်းခဲ့ပါသည်။ ထိုအချိန်မှာ နံနက် ၉ နာရီခန့်ဖြစ်ပြီး ကျွန်တော်က ရွှေအချိန် ဘတ်နှစ်ရာတန်ဖိုးအားဖြင့် ၁၅၀,၀၀၀ ဘတ်နှင့် ဝယ်ရန်နှုတ်ဖြင့် သဘောတူလေသည်။ သူက ရွှေကို နေ့လယ် ၂ နာရီတွင် လက်ဝယ်ပေးအပ်မည်ဟုအကြောင်းပြန်လေသည်။ ထိုနေ့တွင် ထုံးစံအတိုင်း ဈေးနှုန်းမှာ အချိန်နှင့်အမျှ အပြောင်းအလဲများလှရာ ၁၁ နာရီခန့်တွင် ၇၀၀ ဘတ်၊ ၁ နာရီခန့်တွင် ၆၅၀ ဘတ်နှင့် ချိန်းဆိုထားသည့်အချိန်တွင် ၅၅၀ ဘတ်သာ ရှိတော့သည်။

မိတ်ဆွေက နေ့လယ် ၂ နာရီခန့်တွင် ရွှေများ လာအပ်ချိန်တွင် ကျွန်တော့်အနေဖြင့် နံနက် ၉ နာရီတွင် ဝယ်ထားသည့်ဈေးနှုန်းအတိုင်း ၁၅၀,၀၀၀ ဘတ်နှင့် ပေးချေခဲ့ပါသည်။ ဘတ်ငွေ ၄၀,၀၀၀ ဆုံးရှုံးသွားရပါသည်။ သို့သော် ကတိတည်ရန် လိုအပ်သဖြင့် ထိုငွေကို ဆုံးရှုံးရန် ဆုံးဖြတ်ခဲ့ပါသည်။

နောင်နှစ်ပေါင်းများစွာအကြာတွင် ထိုအဖြစ်အပျက်ကို ပြန်စဉ်းစားမိတိုင်း မိမိကိုယ်မိမိ ဂုဏ်ယူပါသည်။ ထိုမိတ်ဆွေမှာလည်း

mgyoe.com

m gyoe . com SAMPLE BOOK

အောင်မြင်သူဖြစ်လာပြီး ဘန်ကောက်ဘဏ်၏ အကြီးတန်းရာထူး ရရှိကာ မိမိအား အမြဲတမ်းကူညီခဲ့ပါသည်။

အကယ်၍သာ ဘတ်ငွေ ၄၀,၀၀၀ ကို နှမြောတွန့်တိုခဲ့ပါက ကတိပျက်သူဖြစ်သွားပြီး ထိုမိတ်ဆွေမှာလည်း အထင်သေးမည်ဖြစ်သည့် အပြင် ဆက်ဆံရေးပါဆုံးရှုံးနိုင်ပါသည်။ ကတိမတည်သူဟုလည်း သူမှ တစ်ဆင့် အခြားသူများပါ သိရှိသွားနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ရိုးသားမှုသည် စီးပွားရေးအသိုင်းအဝန်းတွင် အရေးပါပြီး နာမည်ကောင်းရှိစေပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Lee Peiw Ha စတိုးဆိုင်

ဖခင်ကြီးမှာ ဘုရင် (မူလအခေါ်အဝေါ်ဖြစ်သည်) RAMA 5 လက်ထက်တွင် Siam သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုအချိန်တွင် တရုတ်လူမျိုး အများအပြားအနေဖြင့် Siam သို့ ရေကြည်ရာမြက်နုရာဆိုသည့်အတိုင်း ရွှေ့ပြောင်းလာကြပါသည်။ အများစုမှာ လက်လီလက္ကား ရောင်းဝယ်ခြင်းနှင့် ပွဲစားအဖြစ် လုပ်ကိုင်ခြင်းတို့ဖြစ်ပါသည်။

ထိုအချိန်ကာလတွင် ဥရောပတိုက်သားများ တည်ထောင်သည့် Borneo ၊ Oriental Store ၊ A.E Nana တို့ဖြစ်ပြီး ဂျပန်ကုမ္ပဏီများဖြစ်သည့် Mitsui တို့လည်း အိန္ဒိယကုမ္ပဏီများနှင့် အပြိုင်လုပ်ငန်းထူထောင်လာကြသည်။

ဖခင်ဖြစ်သူမှာ ထီထိုးရန် ဝါသနာကြီးပြီး ကံကိုလည်း ယုံကြည်ရာ ပုံမှန်ထီထိုးလေ့ရှိပြီး ရတစ်လှည့် မရတစ်လှည့် ဖြစ်နေရာမှ တစ်ချိန်တွင် ကံကောင်းစွာဖြင့် ဘတ် ၁၃၀၀ ပေါက်ခဲ့ပါသည်။ ထိုငွေကို တရုတ်ပြည်သို့ ပြန်ပို့မည့်အစား စတိုးဆိုင်တစ်ဆိုင်ဖွင့်ရန် စဉ်းစားခဲ့ပြီး Lee Piew Ha အမည်ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ ထိုစတိုးဆိုင်တွင် ဆန်၊ ဂျုံ၊ သကြားနှင့် ကုန်ခြောက်များ ရောင်းချခဲ့ပါသည်။ ဖခင်ကြီးမှာ ထိုစတိုး ဆိုင်၏သဘောသဘာဝကို နှစ်သက်ပါသည်။ အကြောင်းမှာ လူအများအပြား ငှားရမ်းလုပ်ကိုင်ရသဖြင့် တရုတ်ပြည်မှ ဆွေမျိုးသားချင်းများကို ခေါ်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ညီအစ်ကို ဆွေမျိုးသားချင်းများကို အလုပ်တာဝန်ခွဲဝေပေးပြီး လခထုတ်ပေးလေသည်။ သို့သော် ဆွေမျိုးရင်းချာမိသားစုများ တစ်စုတစ်ဝေးတည်း ရှိနေခြင်းကြောင့် ဝင်ငွေနှင့် စရိတ်ကာရုံမျှသာ ရှိသဖြင့် မိမိကျွမ်းကျင်သည့်တရုတ်စာရေးသားသည့်လုပ်ငန်းကို ဆိုင်ရှေ့တွင် ခုံခင်း၍လုပ်ကိုင်ခဲ့ရပါသည်။ နောက်တွင် Lee Piew Ha စတိုးဆိုင်အနေဖြင့် ဂိုဒေါင်တစ်လုံးဝယ်ယူနိုင်လေသည်။

ထိုခေတ်အခါတွင် ကုန်ရောင်းကုန်ဝယ်လုပ်ကိုင်ရာတွင် သတ်မှတ်ပုံစံနှင့် နှုန်းထားများ မရှိဘဲ ကုန်ပစ္စည်း အဝင်အထွက်ကို မူတည်၍ အတက်အကျရှိလေသည်။ ဦးလေးနှစ်ဦးအား ဘန်ကောက်မြို့တွင်းရှိဆိုင်များ၊ ကုမ္ပဏီများမှ ပစ္စည်းဝယ်ယူစေကာ ဘန်ကောက်နှင့် တခြားဒေသများတွင် လက်လီဈေးဖြင့် ရောင်းချခဲ့ပါသည်။

ဖခင်ကြီးမှာ ရိုးသားလှသည်ဖြစ်ရာ ဖောက်သည်များထံမှ ရရန်ငွေကို အကောင်းဆုံးကြိုးစားရယူပြီး ကြွေးရှင်များကို အချိန်မှန်ဆပ်နိုင်ရန်အတွက် အမြဲကြိုးစားလုပ်ကိုင်ခဲ့ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Hiap Ha စတိုးဆိုင်

၁၉၃၉ ခုနှစ်တွင် ဥရောပ၌ ဒုတိယကမ္ဘာစစ် စတင်လာပြီ ဖြစ်ပါသည်။ အမှန်စင်စစ် ၁၉၃၇ ခုနှစ်ကတည်းက အာရှတိုက်တွင် ဂျပန်အနေဖြင့် မန်ချူးရီးယားကို သိမ်းပိုက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်ကို ကျူးကျော်ဝင်ရောက်နေပြီဖြစ်ပါသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျပန်က ထိုင်းနိုင်ငံသို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာတော့သည်။

၁၉၄၂ ခုနှစ်တွင် ဖခင်နှင့် သူ၏ဆွေမျိုးရင်းများကြားတွင် ပဋိပက္ခ ဖြစ်ပေါ်လာလေသည်။ မိသားစုများ တိုးပွားလာခြင်းမှာ အခြေခံအကြောင်းတရားဖြစ်ကာ ဖခင်မှ ညီနှစ်ယောက်ကို Lee Piew Ha စတိုးဆိုင်ကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ကျန်ဆွေမျိုးများကို ဘတ်ငွေတစ်ထောင်စီပေးပြီး မိမိကိုယ်တိုင် လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုခဲ့ပါသည်။

သားဦးဖြစ်သူ ကျွန်တော်သည်လည်း ဘတ်ငွေတစ်ထောင်ရသဖြင့် တရုတ်တန်းအနီးသို့ ရွှေ့ပြောင်းပြီး ခုနစ်ထပ်တိုက်တစ်ခုတွင် Hiap Ha စတိုးဆိုင်ကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ကျွန်ုပ်တော့်တာဝန်မှာ အထွေထွေမန်နေဂျာဖြစ်ပြီး ပစ္စည်းဝယ်/ရောင်း ရောင်းတာဝန်ဖြစ်ပြီး ဖခင်ဖြစ်သူမှာ ယခင်အတိုင်း ငွေရေးကြေးရေးနှင့် ဂိုဒေါင်တာဝန်ယူရလေသည်။ ထို့နောက် တရုတ်ပြည်တွင်ရှိသော အစ်ကိုတစ်ဦးအား သူ၏ မိသားစုနှင့်အတူ ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့လာ၍ အဖေနှင့် ကျွန်တော့်ကို ကူညီရန် ခေါ်လိုက်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နှစ်အပြီး သကြားဘတ်ငွေလေးသောင်းဖိုး ရောင်းရပြီး အမြတ်ငွေ ဘတ်ငွေတစ်ထောင်ရလေသည်။ သို့သော် သကြားဈေး အပြောင်းအလဲဖြစ်သဖြင့် အခန့်မသင့်လျှင် ရှုံးနိုင်သည်ကို သတိပြုမိလေသည်။ ထို့ကြောင့် တစ်နေ့တွင် ဖခင်ဖြစ်သူအား "ကျွန်တော့်ကို စတိုးဆိုင်အလုပ်က ဘယ်သူမဆို လုပ်ကိုင်နိုင်တော့ အမြတ်အစွန်းရဖို့ ခက်ခဲတယ်။ ရေရှည်မှာဆိုရင် ဒုက္ခရောက်နိုင်တော့ အခြားပစ္စည်းအမျိုးအစားတွေလည်း စဉ်းစားသင့်တယ်" ဟု အကြံပြုရာ အစပိုင်းတွင် ငြင်းဆန်သော်လည်း နောက်ပိုင်းတွင် ခွင့်ပြုခဲ့လေသည်။ ထို့ကြောင့် ကုန်ပစ္စည်းပို့ရာတွင် ဝန်ပိုပါပြီး အမြတ်အစွန်းပိုရသောကုန်ပစ္စည်းများကို ရောင်းချခဲ့ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Hiap Seng Chieng စတိုးဆိုင်

ဖခင်ကြီးအား တောင်းပန်၍ Hiap Ha စတိုးဆိုင်ကို မန်နေဂျာတစ်ယောက်ငှားပြီး ကုန်စုံဆိုင်အနေဖြင့် ဆက်လက်လုပ်ကိုင်ပါသည်။ အစ်ကိုဖြစ်သူ Heng Mong က စားသောက်ကုန်အပါအဝင် စတိုးဆိုင်ကို ဆက်လက်လုပ်ကိုင်ပါသည်။

နောက်ပိုင်းတွင် ဖခင်ကြီးမှ ဘတ်ငွေ ၁၀,၀၀၀ ပေး၍ ကုန်စုံဆိုင် တစ်ဆိုင် ထပ်ဖွင့်စေပါသည်။ အဆိုပါဆိုင်တွင် ဈေးကြီးသောကုန်ပစ္စည်းများအား ဦးစားပေးရောင်းချခဲ့ပါသည်။ ထိုဆိုင်အတွက် ဆိုင်ပိုင်ရှင်ယောက္ခထီးထံမှ ဘတ်ငွေ ၁၀,၀၀၀ ချေးခဲ့ရပါသည်။ Hiap Seng Chieng စတိုးဆိုင်ဟု နာမည်ပေးလျက် ၁၉၄၂ တွင် ဖွင့်လှစ်ခဲ့ပါသည်။ ထိုဆိုင်တွင် အဝတ်အစားများ၊ အစားအသောက် စည်သွတ်ဘူးများ၊ ဆေးဝါးများ ရောင်းချခဲ့ပါသည်။

၁၉၄၂ ခုနှစ်တွင် ဘန်ကောက်မြို့ ရေကြီးရေလျှံခဲ့ပြီး Hiap Seng Chieng ဆိုင်လည်း ရေနစ်ခဲ့ရာ ပစ္စည်းအနည်းငယ်နှင့် အတူ အပေါ်ထပ်သို့ ရွှောင်နိုင်ခဲ့ပါသည်။ ၁၉၄၃ ခုနှစ်တွင် သမီးဖြစ်သူ (Sirina) ကို မွေးဖွားခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကာလတွင် နိုင်ငံခြားသင်္ဘောများဆိုက်ရောက်မှု နည်းပါးသဖြင့် ကျွန်တော်တို့ဆိုင်တွင် ကုန်ပစ္စည်းပမာဏနည်းပါးခဲ့ရပြီး ကျွန်တော်ကိုယ်တိုင် ပွဲစားအနေဖြင့် လုပ်ကိုင်ခဲ့ရပါ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ပွဲစားလုပ်ရခြင်း၏အားသာချက်တချို့မှာ လူမှုအသိုင်းအဝန်း ပိုမိုကျယ်ပြန့်လာခြင်းနှင့် ယခင်ကမသိခဲ့သောအခြားပစ္စည်းမျိုးများကို သိရှိလာရခြင်းပင်ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကျွန်တော့်မှာ သားသုံးယောက်နှင့် သမီးနှစ်ယောက်ရှိနေပြီဖြစ်ပါသည်။ နောက်သုံးနှစ်ကြာ သောအခါ အမွှာသားနှစ်ယောက်ဖြစ်သူ Boonchai နှင့် Boonkiet တို့ ရခဲ့ပါသည်။

အသက်အရွယ်အားဖြင့် ၃၁ နှစ်ရောက်ချိန်တွင် တည်ငြိမ်သောမိသားစု၊ အောင်မြင်သောစီးပွားရေးနှင့် လူမှုအသိုင်းအဝန်းကျယ်ပြန့်လာပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် ဖခင်ကြီးဖြစ်သူ ဆုံးပါးသွားသဖြင့် ချစ်သည့်စိတ်၊ လေးစားသည့်စိတ်ကြောင့် စိတ်ဓာတ်ကျဆင်းခဲ့ရပါသည်။ ထို့နောက် ကျွန်တော်သည် Hok Piew Sae Lee မိသားစု၏ ဒုတိယမျိုးဆက်များ၏ ခေါင်းဆောင်ဖြစ်လာပါတော့သည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Hip Hing Hong ကုမ္ပဏီလီမိတက်

ဒုတိယကမ္ဘာစစ်ပြီး ၁၉၄၆-၅၀ ခုနှစ်များတွင် နိုင်ငံ၏စီးပွားရေးပုံစံပြောင်းလဲခဲ့ရပါသည်။ ထိုအချိန်တွင် Hiap Seng Chieng စတိုးဆိုင်အနေဖြင့် (က) ဘန်ကောက်ရှိကုန်သည်များထံမှ ပစ္စည်းဝယ်ယူရောင်းချခြင်းနှင့် ပွဲစားအဖြစ် ဆောင်ရွက်ခြင်း (ခ) ဟောင်ကောင်မှကုန်ပစ္စည်းတင်သွင်းရောင်းချခြင်း (ဂ) ဂျပန်မှကုန်ပစ္စည်းများ ရောင်းချခြင်းတို့ ဆောင်ရွက်ပါသည်။

ဟောင်ကောင်တွင် အခွင့်အရေးများစွာရှိသည်ကို သဘောပေါက်မိသည့်အတွက် ညီဖြစ်သူ Hang Tong မှာလည်း စွန့်စားမှုကို နှစ်သက်သဖြင့် သူနှင့်သူ့မိသားစုကို ပြောင်းရွှေ့နေထိုင်စေပြီး Hiap Seng Chieng စတိုးဆိုင်အတွက် လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူနိုင်ရန်အတွက် Hip Hing Hong အမည်ဖြင့် ကုမ္ပဏီတည်ထောင်ခဲ့ပါသည်။

နောက်ပိုင်းတွင် Hip Hing Hong ကုမ္ပဏီအနေဖြင့် စီးပွားရေးချဲ့ထွင်လာပြီး သေတ္တာနှင့် ကလေးကစားစရာအရုပ် ထုတ်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။ ညီဖြစ်သူ Hang Tong မှာလည်း ဟောင်ကောင်နိုင်ငံသားအဖြစ် ခံယူခဲ့ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Saha Pathanapibul ကုမ္ပဏီလီမိတက်

၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် Hiap Seng Chieng အမည်ကို Saha Pathanapibul သို့ ပြောင်းလဲခဲ့ပြီး မတည်ရင်းနှီးငွေဘတ်ငွေ လေးသန်းနှင့် စတင်ခဲ့ပါသည်။ SAHA PATHANAPIBUL ၏ ထိုင်းဘာသာနှင့်ဆိုလျှင် "စည်းလုံးညီညွတ်မှုဖြင့် ခိုင်မာသောပြောင်းလဲမှုများလုပ်ဆောင်ရန်" ဖြစ်ပါသည်။ ကုမ္ပဏီဒါရိုက်တာများမှာ ကျွန်တော်၊ ကျွန်တော့်ညီအစ်ကိုများနှင့် သားကြီး Boon Ek ပါဝင်ပါသည်။

ကုမ္ပဏီ၏မတည်ရင်းနှီးငွေပေးပြီးနောက် ဝန်ထမ်းများကို ရှယ်ယာများ ထုတ်ဝေပေးခဲ့ပါသည်။ စီးပွားကူးသန်းဝန်ကြီးဌာန၏ စည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားပြီး အပြင်လူများမှာ အစုရှယ်ယာဝင်များဖြစ်လာသဖြင့် သတ်မှတ်ထားသည့်ဥပဒေအတိုင်း အစည်းအဝေးများ စနစ်တကျ ဆောင်ရွက်ကာ အမြတ်ငွေဝေစုများ ထုတ်ပေးခဲ့ပါသည်။

၁၉၅၃ ခုနှစ်မှ ၁၉၅၆ ခုနှစ်ကာလအတွင်း ထိုင်းနိုင်ငံအနေဖြင့် ကြီးမားသောစိန်ခေါ်မှုများ ကြုံခဲ့ရပါသည်။

(က) အစိုးရအနေဖြင့် သွင်းကုန်ပစ္စည်းတင်သွင်းမှုကို ကန့်သတ်ခဲ့ရပါသည်။ အထူးသဖြင့် အမေရိကန်၊ ဥရောပနှင့် ဟောင်ကောင်တို့မှ ပစ္စည်းများကို ပြန်ပြီးခွဲတမ်းစနစ်ကျင့်သုံးခဲ့ပါသည်။ ဂျပန်နိုင်ငံနှင့် စီးပွားရေးလုပ်ကိုင်ရာတွင် အစိုးရချင်း ကုန်သွယ်မှုပမာဏပေါ် မူတည်၍ လုပ်ဆောင်ကြရသဖြင့် ခွဲတမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ကုန်လျှင် ကုန်ပစ္စည်းများ တင်သွင်းခွင့်မရတော့ပေ။

(ခ) ထိုင်းဘတ်ငွေတန်ဖိုး ရုတ်တရက် ကျဆင်းခြင်းဖြစ်ပါသည်။ ဟောင်ကောင် တစ်ဒေါ်လာလျှင် ဘတ်ငွေ ၂.၇၅ နှုန်းထားနှင့် ကုန်ပစ္စည်းမှာယူပြီးနောက်ဆုံးတွင် ဟောင်ကောင်ဒေါ်လာမှာ ဘတ်ငွေ လေးဘတ်အထိ ရုတ်တရက်ကျဆင်းသွားလေသည်။ ထိုအခြေအနေကြောင့် ကျွန်တော့်အနေဖြင့် ဟောင်ကောင်ဒေါ်လာတစ်သန်းနီးပါးအကြွေးတင်သွားလေတော့သည်။

(ဂ) ၁၉၅၂-၅၆ ခုနှစ်အတွင်း Sahapat ကုန်ပစ္စည်းများအတွက် ကြော်ငြာ မကြာခဏပြုလုပ်ခဲ့ရပါသည်။ ထိုခေတ် ကာလတွင် တရုတ်ဘာသာစကားနှင့် သတင်းစာနှစ်စောင်ရှိပြီး ကြော်ငြာမှာ သိပ်မများလှပေ။ အလားတူ ကြော်ငြာမကြာ ခဏလုပ်ရာ လူအများစုက လုပ်ငန်းမကောင်းသဖြင့် ကြော်ငြာရနေသည်ဟု ကောလဟာလထွက်လာသည်။ မကြာမီတွင် ကုမ္ပဏီပြုတ်တော့မည်အထိ ဆိုးဝါးခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် အခြေအနေမှန်ကို အစဉ်ရှင်းပြခဲ့ရပါသည်။

၁၉၆၂ တွင် Saha Pathanapibul ကုမ္ပဏီတွင် ဈေးကွက်သုတေသနပြုခြင်း၊ ဈေးကွက်စမ်းသပ်ခြင်း၊ ဈေးကွက်ပြင်ဆင်ခြင်းတို့ကြောင့် လူအများ၏လေးစားမှုခံရလာပါသည်။

၁၉၆၃ တွင် ကုမ္ပဏီ၏ကုန်ပစ္စည်းများကို ရေဒီယိုမှတစ်ဆင့် ကြော်ငြာခဲ့ပြီး အပိုလက်ဆောင်ပေးခြင်းလည်း ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် တီးဝိုင်းတစ်ခုတည်ဆောက်ပြီး အဆိုတော်၊ မင်းသား၊ မင်းသမီး၊ လူရွှင်တော်၊ အတီးသမားများ အပါအဝင် လူလေးဆယ်ခန့်နှင့် ကားငါးစီးခန့် နိုင်ငံအဝန်းလှည့်လည်ကြော်ငြာခဲ့ပါသေးသည်။

ထို့နောက် Sahapat အနေဖြင့် ကုန်ပစ္စည်းမျိုးစုံကို ရောင်းချဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ဝယ်ယူမည့်ဖောက်သည်အမျိုးအစားကို မှားယွင်းစွာ ခန့်မှန်းမိခဲ့သဖြင့် အတွေ့အကြုံများလည်း ရရှိခဲ့ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤအမှားများသည် ကျွန်တော်တို့၏ဆရာများ ဖြစ်ခဲ့ပါသည်။

၁၉၇၃ ခုနှစ်တွင် Saha Palhanapibul ၏ ဌာနချုပ်မှာ ယခုလက်ရှိနေရာ နံပါတ် ၂၁၅၆ New Phatchburi လမ်းသို့ ရွှေ့ပြောင်းခဲ့ပါသည်။ ထို့နောက် စတော့ရှယ်ယာဈေးကွက်တွင် တင်ခဲ့ပြီး အများပိုင်ကုမ္ပဏီဖြစ်လာလေသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Far East Advertising ကုမ္ပဏီလီမိတက်

ထိုင်းနိုင်ငံ၏ကြော်ငြာလုပ်ငန်းစုံ တည်ဆောက်မှုအစပိုင်းတွင်ပင် ကျွန်တော့်အနေဖြင့် ကြော်ငြာလုပ်ငန်းကို စိတ်ဝင်စားခဲ့ပါသည်။ ထိုအချိန်တွင် အမေရိကန်နှင့် ဂျပန်တို့ပိုင်ဆိုင်သည့်ကြော်ငြာလုပ်ငန်းများသာရှိနေသေးပါသည်။

၁၉၆၄ တွင် တည်ထောင်ခဲ့သော Far East Advertising Ltd သည် ပထမဆုံး ထိုင်းလူမျိုးပိုင်းကြော်ငြာလုပ်ငန်းဖြစ်ပါသည်။ မူလရည်ရွယ်ချက်မှာ SAHAPAT အုပ်စုရှိ ကုန်ပစ္စည်းများကြော်ငြာရန်အတွက်သာဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ကျွန်တော့်တို့အနေဖြင့် မိမိတို့၏လုပ်ငန်းနှင့် သက်ဆိုင်သည့်ကြော်ငြာနှင့် လူထုဆက်သွယ်ရေးကိစ္စရပ်များကို မိမိတို့သာ ဖန်တီးသင့်သည်ဟု ခံယူထားခြင်းကြောင့် ဖြစ်ပါသည်။

လူငယ်လူတော်များကို ငှားရမ်း၍ လေးထပ်အဆောက်အဦတွင် ရုံးခန်းဖွင့်လှစ်လုပ်ကိုင်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းအုပ်စုတွင်း၌ ကြော်ငြာကုမ္ပဏီရှိသည်ဆိုသည့်အယူအဆမှာ အစပိုင်းတွင် အခက်အခဲရှိသော်လည်း နောက်ပိုင်းတွင် ကျယ်ပြန့်လာပြီး လုပ်ငန်းစုကြီးတိုင်းတွင် ကျင့်သုံးလာကြလေသည်။

နိုင်ငံရပ်ခြားမှပညာသင်ကြားသည့် သားဖြစ်သူ Boonchai ပြန်လာပြီးနောက် Far East လုပ်ငန်းစု၏မန်နေးဂျင်းဒါရိုက်တာအဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

တာဝန်ယူခဲ့ပါသည်။ ပထမဆုံးသော ထိုင်းကြော်ငြာကုမ္ပဏီအဖြစ် စတော့ရှယ်ယာဈေးကွက်တွင် တင်နိုင်ခဲ့ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Lion Corporation (Thailand) လီမိတက်

ဂျပန်မိတ်ဆွေဖြစ်သူ Mr Okada မှတစ်ဆင့် Lion Corporation ၏ ကနဦးတည်ထောင်သူ Mr. Atsushi Kobayashi နှင့် သိကျွမ်းခဲ့ရပါသည်။ မူလအစပိုင်းတွင် ကျွန်တော်တို့အနေဖြင့် Lion Corporation ၏ကုန်ပစ္စည်းများ ဝယ်ယူရောင်းချခဲ့ပြီး သွားတိုက်ဆေးကို စတင်စမ်းသပ်ခဲ့ပါသည်။ ထိုင်းလူမျိုးတို့အနေဖြင့် ချိုသောသွားတိုက်ဆေးအရသာကို မကြိုက်နှစ်သက်သဖြင့် ဈေးကွက်သုတေသနပြုခဲ့ရပါသည်။ ထို့ပြင် တစ်ဘတ်တန်ခေါင်းလျှော်ရည်ထုပ်ကို ဈေးကွက် တွင် စမ်းသပ်ကြည့်သောအခါ အလွန်အောင်မြင်ခဲ့လေသည်။

၁၉၅၉ ခုနှစ်တွင် ထိုင်းအစိုးရက တစ်စိတ်တစ်ပိုင်း ထုတ်လုပ်သောပစ္စည်းများကို အခွန်တိုးမြှင့်ကောက်ခံခဲ့ပါသည်။ ထို့ကြောင့် ဂျပန်တို့နှင့် တိုင်ပင်ကာ စက်ရုံတည်ဆောက်ရန် စဉ်းစားကြံစည်ရတော့သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချသူအဆင့်မှ ကုန်ပစ္စည်းထုတ်လုပ်သူအဆင့်သို့ ရောက်ရှိလာပါသည်။

Lion စက်ရုံကို တည်ထောင်ပြီးနောက် ရှေးဦးစွာခေါင်းလျှော်ရည် ထုတ်လုပ်ခဲ့ပါသည်။ စက်ရုံရှိလာသဖြင့် ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်လာသော်လည်း စမ်းသပ်ခြင်းမျိုးစုံ၊ အမှားမျိုးစုံကြုံတွေ့ပြီးမှ မှန်ကန်သောဖောက်သည်ကြိုက်ပစ္စည်းများကို ရရှိလာပါသည်။

နိုင်ငံခြားကုမ္ပဏီများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင့် နည်းပညာအသစ်များကို သင်ယူလေ့လာခွင့်ရရှိခဲ့ပါသည်။ အထူးသဖြင့် ဂျပန်တို့သည် ဈေးကွက်သုတေသနပြုလုပ်ခြင်းနှင့် ပစ္စည်းများဖွံ့ဖြိုးတိုးတက်မှုကို အစဉ်တစိုက်လုပ်ဆောင်တတ်ကြပါသည်။

၁၉၇၉ နောက်ပိုင်းတွင် ထိုအချိန်အခြေအနေများပေါ်မူတည်၍ ရိုးသားမှုရှိပြီး၊ တရားမျှတမှုနှင့် ဆောင်ရွက်သည့်ကုန်ပစ္စည်းတစ်မျိုး ထုတ်လုပ်ရန် ဆန္ဒရှိခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်တော့်အနေဖြင့် ထိုင်ဝမ်သို့ရောက်ချိန်တွင် *Pao Boon Jin* ဇာတ်လမ်းတွဲ (ပေါင်တရားသူကြီးဇာတ်လမ်းတွဲ) ကို ကြည့်ရှုလိုက်ရပါသည်။ သဘောကျသွားသဖြင့် ထိုင်းတွင်ပြန်ပြသနိုင်သည်ကို သိသောကြောင့် ဝယ်ယူခဲ့ပြီး Channel 3 မှ တစ်ဆင့် ပြသခဲ့ရာ လူကြိုက်များလှသဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်ပြသရာမှ နေ့စဉ်ပြသလာရပါသည်။

ထို့ကြောင့် Pao Boon Jin အမည်ဖြင့် ဆပ်ပြာမှုန့်ကို "ရိုးသားမှု၊ အရည်အသွေးနှင့် သင့်တော်သောဈေးနှုန်း" ကြော်ငြာစာသားဖြင့် ထုတ်လုပ်ဖြန့်ချိခဲ့ပါသည်။

Lion အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် အကျိုးရှိသောကုန်ပစ္စည်းများကို ထိရောက်သောဖြန့်ချိရေးစနစ်အဖြစ် ကြော်ငြာများဖြင့် အောင်မြင်အောင်လုပ်ဆောင်နိုင်သောထိုင်းကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Thai President Foods ကုမ္ပဏီလီမိတက်

ကျွန်တော့်ဘဝတွင် တစ်ခါတစ်ရံ ကြုံတွေ့ရသည့်အတွေ့အကြုံသစ်များမှ ဖြစ်နိုင်မည်မထင်သည့်အရာများကို လက်တွေ့အကောင်အထည်ဖော်လာနိုင်ခြင်းပင်ဖြစ်ပါသည်။

ဘန်ကောက်ဘဏ်၊ ဘဏ်မန်နေဂျာတစ်ဦးက ထိုင်ဝမ်မှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ အသင့်စားခေါက်ဆွဲ စက်ရုံတည်ထောင်ရန် ဆန္ဒရှိပြီး ကျွန်တော့်အား ၂၀ ရာခိုင်နှုန်းထည့်ဝင်ခြင်းဖြင့် ပစ္စည်းဖြန့်ချိရန် ဖိတ်ခေါ်ခဲ့လေသည်။ သို့သော် ကုန်ပစ္စည်း စတင်ထုတ်လုပ်လိုက်သည်နှင့် ထိုအသင့်စားခေါက်ဆွဲမျိုးတွင် Monosodium glutamate (MSG အချိုမှုန့်) ပါဝင်သဖြင့် ကျန်းမာရေးကို ထိခိုက်ကြောင်း သတင်းများတွင် ပါရှိလာပါသည်။ ထိုသတင်းကြောင့် အသင့်စား ခေါက်ဆွဲအရောင်းအဝယ်ရပ်ဆိုင်းသွားပါသည်။ ထိုအချိန်တွင် ကျွန်တော်တို့ရင်းနှီးမြှုပ်နှံထားသောစက်များမှ ပစ္စည်းများလည်း စတင်ထွက်ရှိနေပြီဖြစ်ရာ မိမိတို့အနေဖြင့် ရှေ့သို့တိုးရန်သာရှိတော့သည်။

ထိုသတင်းမဟုတ်မှန်ကြောင်း သက်သေပြနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဌာန၏အမြဲတမ်းအတွင်းဝန်ကို ဖိတ်ကြား၍ စက်ရုံကို လာရောက်လည်ပတ်စစ်ဆေးစေပါသည်။ ထို့နောက် မိမိတို့အသင့်စားခေါက်ဆွဲကို MAMA ဟု အမည်ပေး၍ ဈေးကွက်ထဲတွင်ရှိသောကြက်များဝယ်ယူကြောင်း၊ ထိုကြက်များမှတစ်ဆင့် ကြက်စွပ်ပြုတ်ရည်

mgyoe.com

mgyoe.com SAMPLE BOOK


ထုတ်ကြောင်းနှင့် အသင့်စားခေါက်ဆွဲနှင့် ဆက်စပ်မှုရှိကြောင်း ပညာပေးရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပါသည်။ တစ်ပြိုင်နက် ကြော်ငြာစာသားမှာ "လွယ်ကူ၍အရသာရှိသော" ဖြစ်ပါသည်။

၁၉၇၃ တွင် Thai President Foods Company Limited တည်ထောင်ခဲ့ပြီး အသင့်စားခေါက်ဆွဲထုတ်လုပ်ခဲ့ပါသည်။ သို့သော် ခေါက်ဆွဲသက်တမ်းမှာ ရက်အနည်းငယ်သာရှိခဲ့ပြီး တစ်ပတ်ကျော်လာသည်နှင့် အနံ့အသက်ဆိုးလာပါသည်။ ထိုစိန်ခေါ်မှုကို ကြိုးစားဖြေရှင်းသော်လည်း သတ်မှတ်သောအရောင်းပမာဏစံချိန်ကို မမီနိုင်ဖြစ်နေပါသည်။ တစ်ဖက်ကလည်း ထိုင်ဝမ်မှ ရင်းနှီးမြှုပ်နှံသူအုပ်စုနှင့် Jen Siriwong အုပ်စုတို့ကြား ပြဿနာများပေါ်ပေါက်လာရာ ကုမ္ပဏီ၏ ကုန်ကြမ်းပစ္စည်းနှင့် ငွေရေးကြေးရေးကို ထိခိုက်စေခဲ့ပါသည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ရှယ်ယာဝင်၊ ရှယ်ယာအချိုးအစားတို့ကို ညှိနှိုင်းခြင်း၊ အရည်အသွေးပြည့်မီအောင် လုပ်ဆောင်ခြင်းနှင့် အရသာသစ်များမိတ်ဆက်ပေးခြင်းတို့ လုပ်ဆောင်ခဲ့ရပါသည်။ ဆယ်နှစ်ကြာနောက်ပိုင်းတွင်မှ MAMA သည် အောင်မြင်မှုရလာခဲ့ပါသည်။

MAMA အသံထွက်သည် ကလေးက မိခင်ကိုခေါ်သည်နှင့် တူညီသဖြင့် စားသုံးသူများအတွက် အလွယ်တကူအမှတ်ရစေပါသည်။ MAMA တုန်ယန်းပုဇွန်ဟင်းအရသာနှင့် MAMA ဝက်သားတို့မှာ တရုတ်နှင့် ထိုင်းလူမျိုးတို့အတွက်အလွန်အစပ်အဟပ်တည့်သဖြင့် အောင်မြင်မှုရရှိခဲ့ပါသည်။

ထိုနောက်ပိုင်းတွင် Saha Pathanapibul အများပိုင်ကုမ္ပဏီ၏အဓိကကုန်ပစ္စည်းဖြစ်လာပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## Saha Pathana Inter-Holding Public ကုမ္ပဏီလီမိတက်

၁၉၅၇ တွင် ကျွန်တော်တို့အနေဖြင့် ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းစုများ လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုအချိန်တွင် Sahapat သည် သင်္ဘောငယ်လေးနှင့် တူညီပြီး ပြိုင်ဘက်သင်္ဘောကြီးများနှင့်စာလျှင် ပိုမိုလျင်မြန်စွာ ရွေ့လျားနိုင်သည်ဟု ကျွန်တော် သဘောပေါက်လေသည်။ ငါးကြီးက ငါးလေးကိုဝါးမျိုသည်ဆိုသည့် စကားအတိုင်း ကျွန်တော့်အနေဖြင့် မည်သည့်အချိန်တွင် အစားခံရမည်ကို စိုးရိမ်နေရပါသည်။ သို့သော် လုပ်ငန်းကြီးတွင်မူ ဝင်ငွေ၊ စရိတ်၊ အခွန် စသဖြင့် စဉ်းစားရသည့်ဒုက္ခများရှိရာ နောက်ဆုံးတွင် လုပ်ငန်းသေးသည်ဖြစ်စေ၊ လုပ်ငန်းကြီးသည်ဖြစ်စေ ဒုက္ခရှိသည်ဟု နားလည်လာရသည်။ သို့သော် ကုန်ရောင်းကုန်ဝယ်တွင် ငါးသေးမှာ အဝါးမျိုခံရမည်မှာ သေချာသလောက်ရှိသော်လည်း ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင်မူ ငါးသေးက ငါးကြီးကိုဝါးမျိုနိုင်သည့်အခြေအနေရှိနိုင်သည်ကိုလည်း မြင်တွေ့လာသည်။

စက်ရုံတစ်ခုကို တည်ထောင်၍လုပ်ကိုင်ရာတွင် တစ်ခါတစ်ရံ မိမိ၏ထွက်ကုန်မှာ ပြင်ပထက် ဈေးမြင့်နေတတ်ပါသည်။ စက်ရုံငယ်လေးများမှာ သီးသန့်ပစ္စည်းများ ထုတ်လုပ်ရာ အစစအရာရာ ဈေးသက်သာနိုင်သဖြင့် ဈေးနိမ့်ရောင်းနိုင်သည့်အပြင် အမြတ်လည်း ရနိုင်ပါသေးသည်။ ထိုအခါ စဉ်းစားမိသည့်အချက်မှာ မိမိ၏စက်ပစ္စည်းများကို စက်ရုံငယ်များထံ ငှားရမ်းပေးပြီး လုပ်ငန်းလည်ပတ်စေလျှင် မိမိတို့

mgyoe.com

m g y o e . c o m SAMPLE BOOK

၏ကုန်ထုတ်စရိတ်သက်သာနိုင်ခြင်းပင်ဖြစ်ပါသည်။

ထိုသဘောတရားကို အခြေခံ၍ ငါးကြီးအနေဖြင့် ရှင်သန်ရပ်တည်ရန် ခက်ခဲသော်လည်း ငါးလေးများစုဆောင်းနိုင်ပါက ငါးကြီးကို အနိုင်ယူနိုင်မည်ဟု သဘောပေါက်လေသည်။

၁၉၇၇ တွင် Si Racha ဒေသတွင် Saha Group Industrial Park စက်မှုဇုန် တည်ထောင်ပြီး စက်ရုံများကို စုစည်းထားခြင်းပင်ဖြစ်ပါသည်။ ဧက ၂၈၀ ခန့်ရှိပြီး ဝန်ထမ်းများအတွက် အစစအရာရာ အဆင်ပြေစေရန် ရည်ရွယ်၍ စဉ်းစားတည်ထောင်ထားပါသည်။ ထိုစက်မှုဇုန်တွင် Lion ၊ Thai President Foods ၊ Thai Wacoal အပါဝင် စက်ရုံများစွာရှိပါသည်။ လက်ရှိတွင် ဧက ၆၃၀ ထိချဲ့ထွင်ပြီး စက်ရုံပေါင်းငါးဆယ်ခန့်နှင့် ကျွန်တော်လာလျှင် တည်းရန် အိမ်တစ်လုံး ရှိပါသည်။

Saha Pathana Inter-Holding Company (SPI) ကို ၁၉၇၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဆက်လက်ချဲ့ထွင်မည့်လုပ်ငန်းများ အတွက် ရည်ရွယ်ပါသည်။ ဤနည်းဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်းနှင့် ကုန်ပစ္စည်းရောင်းချမှုအပိုင်း ခွဲခြားပြီး ပြိုင်ဆိုင်မှုအတွက် ပြင်ဆင်ခဲ့ပါသည်။

SPI အနေဖြင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သည့်အမျိုးတူ လုပ်ငန်းတိုင်းတွင် အဓိကရှယ်ယာဝင်အဖြစ် ရင်းနှီးလုပ်ကိုင်ပါသည်။ ထိုကုမ္ပဏီတွင် ဆွေမျိုးသားချင်းများနှင့် ဝန်ထမ်းများလည်း ရှယ်ယာပိုင်ဆိုင်ကြပါသည်။ ကျွန်တော့်မိသားစု၊ ကျွန်တော့်ဇနီးနှင့် သားသမီးများအတွက် Chokwatana Company တည်ထောင်ပြီး SPI တွင် ရင်းနှီးမြှုပ်နှံပါသည်။

Saha Pathana Inter-holding Company အနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သကဲ့သို့ Si Racha၊ Lamphun ၊ Prachin Buri နှင့် အခြားနေရာများရှိ Saha အုပ်စုစက်မှုဇုံများ၏ပိုင်ရှင်လည်း ဖြစ်ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# Saha အုပ်စု ကုမ္ပဏီများ

ဤမိန့်ခွန်းမှာ ဒေါက်တာတီရမ်၏ခုနစ် ၇၁ နှစ်မွေးနေ့ တွင် တက်ရောက်လာသည့် ဝန်ထမ်းများအား ပြောကြားသည့်ကျေးဇူးတင်စကားဖြစ်ပါသည်။

"ဆိုရိုးစကားတစ်ခုရှိပါတယ်။ အသက် ၇၀ ထိ နေနိုင်ရင် ကံကောင်းပါတယ်။ အဲဒီလိုလူမျိုး ရှာတွေ့ဖို့ခက်ပါတယ်လို့ ဆိုပါတယ်။ ကျွန်တော်အခု ၇၁ နှစ်ရှိပြီး ဘဝရဲ့ကောင်းကျိုးတွေကို ခံစားနေရပါတယ်။ အတိတ်ကို ပြန်ကြည့်မယ်ဆိုရင်တော့ ကျွန်တော်ဟာ ပညာရေးရော၊ ဗဟုသုတရော အားနည်းသူပါ။ ကံကောင်းတာကတော့ အဖေ့ရဲ့ ဂုဏ်သိက္ခာကြီးမားမှုနဲ့ အမေ့ရဲ့ရက်ရောစွာ လှူဒါန်းမှုတွေရဲ့ အကျိုးတွေကြောင့် ချစ်ခင်ပြီးညီညွတ်တဲ့ မိသားစုကို ပိုင်ဆိုင်နေရပါတယ်။ မိတ်ဆွေကောင်းတွေရှိပါတယ်။ စိတ်ချပြီး အလုပ်ကြိုးစားလုပ်တဲ့ဝန်ထမ်းတွေ၊ အရာထမ်းတွေ၊ ဒါရိုက်တာတွေလည်း ရှိနေပါတယ်။ ကျွန်တော့် အဖေ အမြဲပြောသလိုပါပဲ။ "လူများလေ၊ အကျိုးရှိလေ" ဆိုတဲ့အတိုင်း SAHA အုပ်စုကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပါတယ်။ ကြီးစွာအောင်မြင်ပြီး အမြတ်အစွန်းရှိအောင် ဒီနေ့အထိ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

အဖေမှာတတ်တဲ့ စကားတစ်ခွန်းကတော့ "မိသားစုတစ်ခုဟာ ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးခံစားရတယ်" ဆိုတာပါပဲ။ မိဘနှစ်ပါးရဲ့သွန်သင်လမ်းပြမှုကို အမြဲရင်ထဲကနေ ကျေးဇူးတင်နေပါတယ်။

ငယ်ငယ်တုန်းက လူတစ်ယောက်က ကျွန်တော့်ကို "တက်နေ"

mgyoe.com

mgyoe.com SAMPLE BOOK

လို့ တင်စားခဲ့ပါတယ်။ အခု ၇၁ နှစ်ရှိပြီဆိုတော့ "ကျနေ" ပေါ့ဗျာ။

ဒီနေ့ ကျွန်တော့်မွေးနေ့မှာ "တက်နေ" တွေကို ကျွန်တော့်ရဲ့ အတွေ့အကြုံနဲ့ အတွေးအခေါ်တချို့ကို ဝေမျှပေးလိုပါတယ်။ စဉ်းစား ဆင်ခြင်ပြီး လိုက်နာကျင့်သုံးဖို့လည်း တိုက်တွန်းလိုပါတယ်။ ဘဝအတွက် တန်ဖိုးရှိတဲ့အချက်တွေပါ။

**ပထမအချက်**ကတော့ ကျွန်တော်က အလုပ်လုပ်တာ နှစ်ပေါင်း ၅၀ ကျော်ပါပြီ။ အရေးကြီးဆုံးက ဇွဲလုံ့လဝီရိယနဲ့၊ သတ္တိနဲ့ ကြမ်းတမ်းခက်ခဲမှုကို ကျော်လွှားရမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင် ခဲ့ခြင်းကြောင့် အတွေ့အကြုံတွေရှိပြီး အခွင့်အရေးကေင်းတွေ ကြုံခဲ့ပါတယ်။ အခွင့်အရေးကောင်းက တစ်ခါတစ်လေ ဆယ်နှစ်နေမှ တစ်ခါကြုံတတ်ပြီး တစ်ခါတလေ တစ်နှစ်အတွင်းမှာ ခဏခဏကြုံရတတ်ပါတယ်။ အဲဒီလို အခြေအနေမှာ ဗဟုသုတမရှိရင်၊ အသင့်မဖြစ်နေရင် ဆုံးဖြတ်ချက်တွေ မှားနိုင်ပါတယ်။ အဲဒါကြောင့် အလုပ်လုပ်ရင် အခြေခံ အုတ်မြစ်ကောင်း ရှိဖို့လိုပါတယ်။

**ဒုတိယအချက်**ကတော့ ကုန်ရောင်းကုန်ဝယ်လုပ်ရင် အလယ် အလတ်လမ်းစဉ်ပဲ ကျင့်သုံးဖို့ တိုက်တွန်းလိုပါတယ်။ အရေးကြီးဆုံး ပထမအဆင့်ကတော့ တည်ငြိမ်ဖို့ လိုပါတယ်။

- ကိုယ် မကျွမ်းကျင်တဲ့ပစ္စည်းဆိုရင် မလုပ်ပါနဲ့။
- ကိုယ့်မှာ လူအင်အားမရှိဘူး၊ အသင့်မဖြစ်ဘူးဆိုရင် မလုပ်ပါနဲ့။
- တစ်ခါတည်း ပိုက်ဆံအများကြီး မရင်းနှီးလိုက်ပါနဲ့။
- အရင်းအနှီးနည်းနည်းနဲ့ ပစ္စည်းသစ်တစ်ခုစမ်းကြည့်ဖို့ဆိုရင်တော့ ကြိုးစားသင့်ပါတယ်။

**တတိယအချက်**ကတော့ Sahapat ဟာ နှစ်ပေါင်းလေးဆယ်ကျော်လာပါပြီ။ မိသားစုလုပ်ငန်းပုံစံနဲ့မဟုတ်ဘဲ ကျွန်တော့်ကလေးတွေ၊ မြေးတွေ ဦးဆောင်တဲ့သူတွေအနေနဲ့ နှစ်ရာကျော်တိုင်အောင် ရပ်တည်နိုင်တဲ့ကုမ္ပဏီကြီးဖြစ်အောင် လုပ်ဖို့ တိုက်တွန်းလိုပါတယ်။

mgyoe.com

mgyoe.com


စီးပွားရေးလုပ်ငန်းတိုင်းမှာ အောင်မြင်မှုနဲ့ ဆုံးရှုံးမှုဆိုတာ ဒွန်တွဲနေတတ်တဲ့သဘောဆိုတော့ တချို့က အောင်မြင်တဲ့အတွေ့အကြုံပေါ် အခြေခံပြီး လုပ်ကိုင်တဲ့အတွက် ဆုံးရှုံးတတ်ကြသလို လုပ်ငန်းသေးတုန်းက အောင်မြင်ပေမယ့် အလုပ်ကြီးလာရင် မအောင်မြင်တာမျိုးလည်း ရှိနိုင်ပါတယ်။ အဲဒါကြောင့် ကိုယ့်ရဲ့အောင်မြင်မှုတွေမှာ ယစ်မူးနေမယ့်အစား အရှုံးတွေ၊ သင်ခန်းစာတွေကို သတိရနေတာက ပိုအကျိုးရှိပါတယ်။

ကလေးတွေနဲ့ ပတ်သက်တဲ့ ဆိုရိုးစကား "ဆော့တဲ့ကလေးက လဲကျနိုင်တယ်။ များများလဲကျလေ ပိုသန်လေ" ဆိုတဲ့အတိုင်း ကုန်သွယ်မှုအလုပ်ဟာ အစပိုင်းမှာ အရှုံးနဲ့ရင်ဆိုင်တတ်ပြီး သင်ယူလေ့လာရင်း အောင်မြင်အောင်လုပ်ဆောင်နိုင်ပါတယ်။ အောင်မြင်မှုရှိလေ ပိုသတိထားရလေဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ကတော့ တရုတ်စာလုံးလေးလုံးလက်ဆောင်ပေးချင်ပါတယ်။ လုံ့လဝီရိယ ရှိပါ။ ခြိုးခြံချွေတာပါ။ **စဉ်းစားဆင်ခြင်ပါ။** ဗဟုသုတပြည့်စုံပါစေတို့ဖြစ်ပါတယ်။

အလုပ်ကြိုးစားပေမယ့် ခြိုးခြံချွေတာမှုမရှိရင် ဒုက္ခရောက်နိုင်သလို စဉ်းစားဆင်ခြင်မှုမရှိရင် လုပ်ငန်းကျဆုံးနိုင်ပါတယ်။ အလားတူပဲ ဗဟုသုတပြည့်စုံနေမှသာ အခွင့်အရေးကို တွေ့မြင်နိုင်ပြီး လက်ဆုပ်လက်ကိုင်ရယူနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ Saha အုပ်စုမှာ ဝန်ထမ်းများစွာရှိတဲ့အတွက် လူတိုင်းလိုအင်ဆန္ဒနဲ့ ပြည့်စုံကြပါစေ။ တစ်ယောက်စီရဲ့ကျွမ်းကျင်မှုနဲ့ ဗဟုသုတကို အခြေခံပြီး Saha အုပ်စုကို နှစ် ၁၀၀ တိုင်အောင် ရပ်တည်အောင်မြင်နိုင်ဖို့ တည်ဆောက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်ခင်ဗျာ။"

■

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## Dr Thiam Chokwatana ၏ ပရဟိတလုပ်ငန်း

အသက် ၇၁ နှစ်မွေးနေ့တွင် Burapha တက္ကသိုလ်မှ ဒေါက်တာဘွဲ့ချီးမြှင့်ခံခဲ့ရပါသည်။ ၁၉၈၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် Dr Thiam Chokwatana Foundation ကို ဖွင့်လှစ်ခဲ့ပါသည်။ အောက်ဖော်ပြမိန့်ခွန်းကို ပြောကြားခဲ့ပါသည်။

ပထမဦးဆုံး Burapha တက္ကသိုလ်က ကျွန်တော့်ကို ဒေါက်တာဘွဲ့ချီးမြှင့်ခဲ့တဲ့အတွက် သက်ဆိုင်သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ကောင်းမှုကုသိုလ်တွေအတူ လုပ်ဆောင်နိုင်ဖို့ ငွေထည့်ဝင်လှူဒါန်းကြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးအခြေခံအားနည်းပေမယ့် ကျွန်တော့်ဝန်ထမ်းတွေရဲ့ ကလေးတွေကိုတော့ အကောင်းဆုံးပညာရပ်တွေ ဆည်းပူးနိုင်ဖို့ ကူညီပေးလိုပါတယ်။ အပင်ကြီးတစ်ပင်ရဲ့အရွက်တွေဟာ အရိပ်ရသလို ကောင်းတဲ့ကိစ္စရပ်တစ်ခုအတွက် ဝိုင်းဝန်းလုပ်ဆောင်တာမျိုး မြင်တွေ့လိုပါတယ်။

Dr Thiam Chokwatana Foundation ရဲ့ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေအကြံပြုတဲ့အတိုင်း အများပြည်သူအတွက် ကောင်းကျိုးဆောင်ရွက်ဖို့၊ အခြားပရဟိတလုပ်ငန်းလုပ်ကိုင်တဲ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဖို့၊ နိုင်ငံ့အကျိုးတိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေကို ကျေးဇူးတင်ပါတယ်။ Burapha တက္ကသိုလ်ရဲ့ဒုဥက္ကဋ္ဌကိုလည်း ကျေးဇူးတင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ အောက်ဖော်ပြပါ အချက် ၁၀ ကို လိုက်နာပြီး ကောင်းမှုကိစ္စတွေဆောင်ရွက်ပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

၁။ ပညာရေးဖွံ့ဖြိုးတိုးတက်အောင်၊ ကူညီဖို့၊ ထောက်ပံ့ဖို့၊ မြှင့်တင်ဖို့ ဖြစ်ပါတယ်။ ဆက်စပ်တဲ့စကောလားရှစ်ပေးတာ၊ ပညာရေးအထောက်အကူပြုဆိုင်ရာပစ္စည်းတွေ ထောက်ပံ့တာ၊ တီထွင်ကြံဆမှုဆိုင်ရာ၊ ဗဟုသုတမြှင့်တင်မှုဆိုင်ရာလုပ်ငန်းတွေကို ထောက်ပံ့ဖို့၊ လိုအပ်ရင် ကျောင်းတွေဆောက်ပေးတာတွေ ဖြည့်ဆည်းပေးဖို့။

၂။ အများပြည်သူကောင်းကျိုးဆောင်ရွက်ဖို့၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရတဲ့ ဒုက္ခသည်တွေကို ကူညီဖို့။

၃။ ဆင်းရဲနွမ်းပါးသူတွေကို အခြေခံလိုအပ်ချက်တွေ ပံ့ပိုးကူညီဖို့။

၄။ အခြားပရဟိတလုပ်ဆောင်တဲ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့နဲ့ ကူညီလှူဒါန်းပေးဖို့။

၅။ လူ့အသိုင်းအဝန်းကို ကူညီစောင့်ထိန်းဖို့။

၆။ သဘာဝပတ်ဝန်းကျင်နဲ့ အရင်းအမြစ်တွေကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်ဖို့အတွက် ကူညီထောက်ပံ့ဖို့။

၇။ Saha အုပ်စုမှာရှိတဲ့ဝန်ထမ်းတွေဟာ ဒီပရဟိတလုပ်ငန်းစုကနေ ကောင်းကျိုးလုပ်တဲ့အကျင့်ကောင်းရရှိလာဖို့။

၈။ Saha အုပ်စုမှာရှိတဲ့ ဝန်ထမ်းတွေအနေနဲ့ ကောင်းမှုအလုပ်တွေ လုပ်ဆောင်နိုင်ဖို့ ကြားခံအဖွဲ့အစည်းအဖြစ် ရပ်တည်ဖို့။

၉။ Saha အုပ်စုမှာရှိတဲ့ ဦးဆောင်သူတွေ၊ ဝန်ထမ်းတွေဟာ ဒီအဖွဲ့ရဲ့လုပ်ငန်းတွေမှာ ကိုယ်ကျိုးမငဲ့ဘဲ ကူညီလုပ်ဆောင်တတ်ဖို့။

၁၀။ Dr Thiam Chokwatana Foundation ဟာ Saha အုပ်စုရဲ့ သာရေးနာရေးအတွက်မဟုတ်ဘဲ အများအတွက်ဆိုတာ နားလည်သဘောပေါက်ဖို့ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်လောက်ကစပြီး SAHA အုပ်စု ဦးဆောင်သူအများစုဟာ နည်းလမ်းပေါင်းမျိုးစုံနဲ့ လှူဒါန်းတာကို သိရှိရပါတယ်။ ငွေ၊ အချိန်၊ လုပ်အားခ စသဖြင့်ပေါ့ဗျာ။ စကောလားရှစ်တွေပေးတယ်။ ဆေးရုံတွေ ဆောက်ပေးတယ်။ သဘာဝဘေးအန္တရာယ်ကြုံတဲ့ဒေသတွေအတွက် ဆေးတွေ လှူဒါန်းပေးတယ်။

ဒီအဖွဲ့အစည်းကနေတစ်ဆင့် လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးဖို့လည်း လုပ်ကိုင်နေပါတယ်။ အရင်းအနှီးနည်းနည်းနဲ့ အလုပ်တစ်ခုလုပ်ကိုင်ပြီး ဝင်ငွေအသင့်အတင့်ရအောင် ဖန်တီးနိုင်ဖို့ ရည်ရွယ်ချက်ပါ။ ပြိုင်ပွဲတွေလည်း ဖန်တီးမှာဖြစ်ပါတယ်။

ဒီရည်ရွယ်ချက်ကို အပြည့်အဝထောက်ခံပါတယ်။ တကယ်လို့ ကျွန်တော်တို့လူငယ်တွေဟာ တီထွင်နိုင်မှုစွမ်းရည်မြင့်တက်လာပြီး အလုပ်အကိုင်တွေ ဖန်တီးနိုင်မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်ဟာ ပိုမိုကြီးပွားလာမှာဖြစ်ပါတယ်။

ဒီ Foundation ဖြစ်ပေါ်အောင် ဝိုင်းဝန်းကူညီတဲ့သူအယောက်တိုင်း အောင်မြင်ကြီးပွားကြပါစေ။

ခင်ဗျားတို့ရဲ့အောင်မြင်ကြွယ်ဝမှုကို မြင်တွေ့နိုင်လောက်အောင် ကျွန်တော်လည်း အသက်ရှည်မယ်လို့ မျှော်လင့်ပါတယ်ခင်ဗျာ။"

■

mgyoe.com


mgyoe.com SAMPLE BOOK


## အတွေးအခေါ်
ပညာရေးနှင့် သင်ယူလေ့လာခြင်း

**၁**

တစ်စုံတစ်ခုကို လေ့လာလိုပါက တစ်ပါးသူထံမှ လေ့လာပါ။

"အရာရာအားလုံးကို လူတွေက ဖန်တီးထားတာဖြစ်တဲ့အတွက် ဘာမဆို လေ့လာချင်ရင် လူတွေကို လေ့လာရမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ လူဟာ ဗဟုသုတနှင့် အတွေ့အကြုံပြည့်ဝနေတဲ့ အဖိုးတန်ရတနာသိုက်ဖြစ်လို့ပါပဲ"



mgyoe.com

mgyoe.com

ယနေ့စကြဝဠာရှိအရာရာအားလုံးမှာ လူတို့က ဖန်တီးထားခြင်းဖြစ်ရာ ဗဟုသုတတိုးပွားရန် စူးစမ်းလေ့လာရမည်ဖြစ်ပါသည်။ နိစ္စဓူဝတွေ့ကြုံရသူတိုင်းတွင် အတွေ့အကြုံနှင့် ဗဟုသုတမျိုးစုံရှိတတ်ရာ သင်ယူလေ့လာလိုသောစိတ်ဆန္ဒဖြင့် ဆက်ဆံပေါင်းသင်းခြင်းဖြင့် လူ့သဘော လူ့မနောကို သိရှိနိုင်ပါသည်။

အမြဲတမ်းသတိပြုရမည့်အချက်မှာ မိမိအနေဖြင့် တစ်ပါးသူထက် ပိုသိ၊ ပိုတတ်၊ ပိုနားလည်သည့် တစ်ကိုယ်ကောင်းဆန်သည့်စိတ်သည် ပျက်စီးခြင်းသို့ ဦးတည်နေခြင်းဆိုသည့်အချက်ပင်ဖြစ်ပါသည်။

*မိမိကိုယ်ကိုယ် ဓမ္မဓိဋ္ဌာန်ကျကျ ရိုးသားစွာရှုမြင်သုံးသပ်ပျက်မည်သူ့မဆိုထံမှ လေ့လာသင်ယူလျှင် အမြဲတမ်းသင်ယူစရာရှိနေတတ်ပါသည်။*

■

mgyoe.com

mgyoe.com SAMPLE BOOK

၂

ဗဟုသုတသည် စားနှင့်တူပြီး အသုံးပြုလေ ပိုမိုအကျိုးရှိလေဖြစ်ပါသည်။

"စဉ်းစားတွေးခေါ်မှုကင်းသည့်နားထောင်ခြင်းသည် အကျိုးမရှိပေ။ တစ်စုံတစ်ရာကို တွေးခေါ်နိုင်မှသာ ထိုအသိတရားကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပါသည်"



mgyoe.com

mgyoe.com  SAMPLE BOOK

တစ်ပါးသူထက်သာလွန်လိုပါက မိမိ၏အတွေးအခေါ်သည် ပျော့ပျောင်းရန် လိုအပ်ပြီး ရှုမြင်သုံးသပ်မှုခေတ်မီရန် လိုအပ်ပါသည်။ ထို့ပြင် အသစ်အသစ်သောအရာများကို သင်ယူစူးစမ်းလိုစိတ်ရှိရန် လိုအပ်ပြီး အစဉ်ပြောင်းလဲတိုးတက်အောင်လည်း လုပ်ဆောင်နေရန် လိုအပ်ပါသည်။ လူအများစုသည် အမှားများ ခဏခဏကျူးလွန်ခြင်းနှင့် ရေတိုအလွယ်လိုက်နည်းလမ်းများကို အသုံးချခြင်းတို့ကြောင့် အောင်မြင်မှုနှင့် ဝေးနေတတ်ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ရေတိုကာလအတွင်း အောင်မြင်ကြွယ်ဝလာခြင်းမှာ ဂျပန်လူမျိုးတို့သည် အမြဲတမ်းကြိုးစားလုပ်ကိုင်နေတတ်ခြင်း၊ သင်ယူလေ့လာနေခြင်းနှင့် ထက်သောဓားရရှိရန်အတွက် မကြာခဏဓားကိုသွေးနေသကဲ့သို့ အတွေးအခေါ်ကို အမြဲဆန်းသစ်အောင် လုပ်ဆောင်နေတတ်ကြပါသည်။ ဘဝသင်ခန်းစာများထဲမှ သင်ယူလေ့လာပြင်ဆင်ခြင်းဖြင့် ဘဝရှေ့ရေးကို ဖန်တီးကြပါသည်။ မိမိတို့၏ဗဟုသုတကောင်းနှင့် အတွေ့အကြုံကောင်းတို့ကို အခြားဂျပန်လူမျိုးတို့ကို မျှဝေပေးတတ်ပါသည်။

*ကောင်းမွန်သောအတွေ့အကြုံဖြစ်စေ၊ ဗဟုသုတဖြစ်စေ ရှာဖွေသိရှိလာပါက ဝေမျှရန်လိုအပ်ပါသည်။ ဤသို့မျှဝေသဖြင့် မိမိဆုံးရှုံးလိမ့်မည်ဟု မယူဆသင့်ပေ။ အကြောင်းမှာ ဗဟုသုတဆိုသည်မှာ ဓားကဲ့သို့ သွေးလေ ထက်လေ အသုံးချလေ မိမိအတွက် ပိုအကျိုးရှိလေဖြစ်ပါသည်။*

■


mgyoe.com

mgyoe.com SAMPLE BOOK

# ၃

## လေးထောင့်၊ အဝိုင်း၊ တြိဂံ••• ပုံစံခွက်များ

ဘွဲ့ရခါစလူတစ်ဦး၏အတွေးအခေါ်မှာ လေးထောင့်ပုံစံခွက်ဖြစ်နေတတ်ပါသည်။ လူများများနှင့် ထိတွေ့ဆက်ဆံလေ အတွေးအခေါ် ပြောင်းလဲလာပြီး ပုံစံမျိုးစုံဖြစ်လာကာ မည်သူနှင့်မဆို အံဝင်ခွင်ကျ ဆက်ဆံလာနိုင်မည်ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK


တစ်နေ့တွင် ဘွဲ့ရ၍ အလုပ်စလုပ်သည့်တူတော်မောင်မှာ အလုပ်ထဲတွင် ကြုံရသည့်စိန်ခေါ်မှုများကို စိတ်ပျက်လက်ပျက်နှင့် လာရောက်ဆွေးနွေးလေသည်။ ထိုတူတော်မောင်တွင် ညံ့သည်ဟု ထင်သူများနှင့် အပေါင်းအသင်း မလုပ်တတ်ခြင်းနှင့် မိမိကို ဝေဖန်သူမှန်သမျှ မဆက်ဆံတတ်ခြင်း၊ အားနည်းချက်များ ရှိနေပါသည်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် အောက်ပါအတိုင်း သွန်သင်ဆုံးမရပါသည်။ "ဘွဲ့ရခါစဆိုတော့ ဦးနှောက်၊ သို့မဟုတ် အတွေးအခေါ် ကလေးထောင့်ပုံစံခွက်နဲ့ တူနေတယ်။ လူများများနဲ့ ထိတွေ့ဆက်ဆံလာတာနဲ့အမျှ လေးထောင့်အနားစွန်းတွေကို တဖြည်းဖြည်းဖယ်ချပေးလိမ့်မယ်။ အလုပ်အတွေ့အကြုံများလာလေ အတွေးအခေါ် အယူအဆ ပြောင်းလာလေ ဖြစ်ပြီး ကြုံတွေ့ရတဲ့အခြေအနေတွေကို အလိုက်သင့်ဝင်ဆံ့နိုင်မယ်" ဟု ပြောပြခဲ့ပါသည်။

သူ့အနေဖြင့် အစပိုင်းတွင် ကျွန်တော်၏ဆိုလိုချက်ကို နားမလည်သော်လည်း အချိန်ကြာလာသည်နှင့်အမျှ အခက်အခဲ၊ ပြဿနာများကို ကျော်လွှားနိုင်ပြီး ပိုမိုကြီးမားသောလုပ်ငန်းများကို တာဝန်ခံနိုင်သလို တွေ့ကြုံရသူမည်သူကိုမဆို မိမိ၏လုပ်ငန်း၊ သို့မဟုတ် တာဝန်အတွက် ပြောဆိုဆွေးနွေးဆက်ဆံတတ်လာပါသည်။ ထိုအခါတွင် ကျွန်တော်၏အကြံပြုချက်များကို နားလည်လာပြီး အခြားသူများကိုပါ လက်ဆင့်ကမ်းဝေမျှပေးလေတော့သည်။

*အတန်းပညာသင်ယူစဉ်ကာလ ကျောင်းသားဘဝတွင် ဆရာ၊ ဆရာမများမှ ဗဟုသုတမျိုးစုံသင်ကြားပေးပါသည်။ သို့သော် ကျောင်းပြီး၍ အလုပ်စတင်လုပ်သည်နှင့် ကြုံတွေ့ရသည့်လူမှုဆက်ဆံရေးနယ်ပယ်နှင့် နိစ္စဓူဝလုပ်ဆောင်မှုများက မိမိတို့၏လေးထောင့်ပုံစံခွက် အတွေးအခေါ်များကို အဝိုင်း၊ ဘဲဥပုံ သို့မဟုတ် တြိဂံလိုအပ်သည့်ပုံစံခွက်များအဖြစ်သို့ ပြောင်းလဲစေပါသည်။*

■


mgyoe.com

mgyoe.com SAMPLE BOOK

## ၄

### အမှတ်ရနေအောင် မကြာခဏ ထုတ်ဖော်ပြောဆိုရန်နှင့် ဗဟုသုတရရန် မေးမြန်းပါ။

အကြောင်းအချက်တစ်စုံတစ်ရာကို မှတ်မိစေလိုပါက မကြာခဏ ထုတ်ဖော်ပြောဆိုနေရန် လိုအပ်ပါသည်။ မိမိမရှင်းလင်းသည့်အကြောင်းအရာများကို ရှက်ရွံ့ခြင်းမရှိဘဲ ရှင်းလင်းမှုရှိအောင် မေးခွန်းထုတ်ရန် လိုအပ်ပါသည်။



သင်ယူလေ့လာထားသောအကြောင်းအရာတစ်ခုကို အခြားသူများအား ဝေမျှပေးခြင်းဖြင့် အမြဲအမှတ်ရစေပါသည်။ ထို့ကြောင့်လည်း မရှင်းလင်းပါက ရှက်ရွံ့ရန် မလိုဘဲ မေးမြန်းမှသာ မိမိ၏ဗဟုသုတတို့

mgyoe.com

mgyoe.com  SAMPLE BOOK

အားပြည့်လာကာ အခြားသူကို ထိရောက်စွာ ဝေမျှနိုင်ပါသည်။

သင့်အနေဖြင့် အကြောင်းအရာတစ်ချက်ချက်ကို မှတ်မိနေလိုပါက မကြာခဏ ပြောဆိုနေရန် လိုအပ်ပါသည်။ သို့မှသာ မှတ်ဉာဏ်တွင် မှတ်မိနေပြီး အချိန်မရွေးထုတ်ဖော်နိုင်ပါသည်။ အခြားနည်းလမ်းမှာ အခြားသူများ အထူးသဖြင့် ငယ်ရွယ်သူများကို ဝေမျှပေးခြင်းဖြင့် ထိုအရေးပါသောအကြောင်းအရာသည် ဆက်လက်တည်တံ့နေမည်ဖြစ်ပါသည်။

ဥပမာ အလုပ်နှင့် ပတ်သက်၍ အတိတ်နှင့် လက်ရှိအခြေအနေများမှ အရေးပါသောအကြောင်းအရာများကို ထုတ်နုတ်ကာ အခြားသူများကိုပါ စဉ်းစားဆင်ခြင်စေခြင်းဖြင့် အမှတ်ရနေစေမည်ဖြစ်ပါသည်။ ထိုအခါ ရာထူးငယ်သူများအနေဖြင့် အလုပ်နှင့်ပတ်သက်၍ ရှင်းလင်းမှုရှိခြင်း၊ နားလည်မှုလွယ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းကောင်းများကို သိရှိစေခြင်း စသည့်အကျိုးများရရှိနိုင်ပါသည်။ အလားတူ မိမိတို့၏အမှားများကို ဝန်ခံရန် လိုအပ်ပြီး ကောင်းမွန်အောင် ကြိုးစားပြုလုပ်သည့်နည်းလမ်းများကို အသိပေးရန် လိုအပ်ပါသည်။ သို့မှသာ နှောင်းလူများအနေဖြင့် ထိုအမှားမျိုးကို ရှောင်ရှားနိုင်ပြီး နောင်တွင် အရေးပါသည့် ဆုံးဖြတ်ချက်များချနိုင်ရန်အတွက် မှန်ကန်စွာသုံးသပ်နိုင်မှု၊ ပွင့်လင်းမြင်သာစွာ လက်ခံနိုင်မှု၊ အဘက်ဘက်မှ တွေးခေါ်တတ်မှုတို့ ရရှိနိုင်ပါသည်။

*မိမိ၏သိရှိနားလည်မှုအားနည်းမှုနှင့် ပတ်သက်၍ ရှက်ကြောက်ရန်မလိုဘဲ မေးသင့်သည့်မေးခွန်းများကို မေးမြန်းမှသာ တစ်ဆင့်ပြန်လည်မျှဝေနိုင်မည်ဖြစ်ပါသည်။ ဘဝဟူသည် အစဉ်အမြဲ သင်ယူနေရမည်ဖြစ်ရာ မိမိကိုယ်ကို ရိုးသားမှုရှိမှသာ မိမိသိသည်၊ မသိသည်ကို ရိုးသားစွာ ဝန်ခံနိုင်မည်ဖြစ်ပြီး သို့မှသာ အမှန်တကယ် သင်ယူနိုင်မည်ဖြစ်ပါသည်။*

■


mgyoe.com

mgyoe.com SAMPLE BOOK

# ၇

## မိမိကိုယ်မိမိ သိရှိနေခြင်းသည် လူသားဆန်ပါသည်။

မိမိကိုယ်မိမိ မကြာမကြာ ဆန်းစစ်ခြင်းဖြင့် မိမိ၏အားနည်းချက်နှင့် အားသာချက်ကို သိရှိနိုင်ပြီး ပြင်ဆင်ရမည့်အားနည်းချက်များကို ပြင်ဆင်ခြင်းဖြင့် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ရပ်တည်နိုင်မည်ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK


မိမိကိုယ်ကို လေ့လာဆန်းစစ်တတ်မှသာ မိမိ၏အရည်အချင်းများကို သိရှိကာ အခွင့်အရေးများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ အလားတူပင် မိမိ၏အားနည်းချက်များကို သိရှိထားခြင်းဖြင့် ဖြစ်လာနိုင်ခြေ အဆုံးအရှုံးပြဿနာများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အားနည်းချက်သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ကျရှုံးမှုကို ဖန်တီးနိုင်ပါသည်။

မိမိကိုယ်ကိုယ် မိမိဝေဖန်ဆန်းစစ်နိုင်စွမ်း အားနည်းသူများအဖို့ မိမိနှင့်မအပ်စပ်သည့်အလုပ်အကိုင်ရွေးချယ်လုပ်ကိုင်မိခြင်းနှင့် အမှားများကို မကြာခဏ ထပ်ခါတလဲလဲကျူးလွန်တတ်ပါသည်။ မိမိ၏ အခြေအနေမှန်ကို သိသူအဖို့ နွေးကွေးနေစေကာမူ တစ်လှမ်းချင်းရှေ့ကို လျှောက်လှမ်းနိုင်ကာ တစ်ချိန်တွင် အောင်မြင်မှုကို ရယူနိုင်ပါသည်။

မျိုးစေ့တစ်စေ့သည် မှန်ကန်ကောင်းမွန်သောမြေကြီးနှင့် သင့်လျော်သောရာသီဝန်းကျင်ရှိမှသာ အပင်ပေါက်ရှင်သန်နိုင်သကဲ့သို့ လူသည်လည်း မိမိအားနည်းချက်များကို သိရှိဖယ်ရှားနိုင်မှသာ ရှင်သန်ရပ်တည်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

*မှန်ကန်သည့်လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရန်နှင့် မိမိသိရှိသည့်လမ်းကြောင်းပေါ် ရပ်တည်နိုင်ရန်မှာ မိမိကိုယ်မိမိ သိဖို့ လိုအပ်လှပါသည်။*

■

mgyoe.com

m gyoe .com SAMPLE BOOK

## ၆
## ပညာရပ်တိုင်းတွင် အကျိုးရှိပါသည်။

ပညာရပ်တိုင်းသည် အကျိုးရှိသည်ဖြစ်ရာ မည်သို့အသုံးချမည်နည်းဆို သည်မှာ မိမိ၏ရွေးချယ်မှုပင်ဖြစ်ပါသည်။



ကျွန်တော် ကျောင်းတက်နေသည့်ဆယ်နှစ်သားကာလခန့်တွင် ပန်းချီဆွဲရန် လိုအပ်သည့်ပစ္စည်းကိရိယာများ ဝယ်ယူရန် ဖခင်ထံမှ ငွေတောင်းယူဖူးပါသည်။ ဖခင်က "ပန်းချီဆွဲတတ်လို့ ဗိုက်ဝမှာလား" ဟု မေးရာ ထိုအချိန်ကတည်းက ပန်းချီဆွဲရန် စိတ်ဆန္ဒလုံးဝကွယ်ပျောက်ခဲ့ရပါသည်။

mgyoe.com

mgyoe.com


အသက် ၂၀-၃၀ အရွယ်ရောက်လာသောကာလ လက်ကားရောင်းဝယ်ခြင်းစတင်လုပ်ကိုင်ချိန်တွင် စာအုပ်အများအပြားဖတ်ရှုခဲ့ပါသည်။ သတိပြုမိသည့်အချက်မှာ ပန်းချီနှင့် ပန်းချီပညာရှင်တို့သည် စီးပွားရေးလုပ်ငန်းစုများအပေါ် ကောင်းကျိုးများ ဖြစ်ပေါ်စေသည်ဆိုသောအချက်ကို ဖတ်ရှုမိသော်လည်း ယုံကြည်လက်ခံခဲ့ခြင်း မရှိခဲ့ပေ။

နောင်တွင် ကျွန်တော့်အနေဖြင့် ကုန်ထုတ်လုပ်ငန်းများနှင့် ပတ်သက်လာချိန်တွင်မှ ထုပ်ပိုးခြင်းနှင့် ကြော်ငြာလုပ်ငန်းများတွင် ဒီဇိုင်းများ၏အရေးပါပုံကို သတိပြုမိလေသည်။ ထိုအခါတွင်မှ အနုပညာသည် နူးညံ့သိမ်မွေ့ပြီး ကုန်ပစ္စည်းတစ်ခု၏ဈေးကွက်ထဲ ဝင်ရောက်နိုင်မှုအတွက် လွန်စွာအရေးပါလှသည်ကို လေ့လာရလာပါသည်။ တချို့ကုန်ပစ္စည်းများအနေဖြင့် ထုပ်ပိုးမှုပုံစံလှပကောင်းမွန်ခြင်းကြောင့် အောင်မြင်သော်လည်း အရည်အသွေးပြည့်မီကောင်းမွန်သောပစ္စည်းတချို့မှာ ကြော်ငြာပုံစံညံ့ဖျင်း အားနည်းမှုကြောင့် ကျဆုံးသည်ကို တွေ့မြင်လာရပါသည်။

*ထို့ကြောင့် ကျွန်တော့်အနေဖြင့် ပညာရပ်တိုင်းသည် အရေးပါပြီး တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုရှိသည်ဟု လက်ခံလာရလေသည်။ ပညာရပ်တစ်ခုစီ၏ မှန်ကန်သည့်ဗဟုသုတများကို စနစ်တကျ ရွေးချယ်အသုံးချတတ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ပညာရပ်များနှင့် ပတ်သက်၍ အခွင့်အရေးရရှိလာပါက လေ့လာသင်ယူသင့်ပါသည်။ အခွင့်အရေးကြုံလျှင် မှန်ကန်စွာ အသုံးချခြင်းဖြင့် အမှားများနှင့် အဆုံးအရှုံးများကို ကာကွယ်နိုင်ပါသည်။*

■

mgyoe.com

mgyoe.com SAMPLE BOOK

# ၇

အရွယ်ကောင်းချိန်တွင် အကျိုးအရှိဆုံး အကောင်းဆုံး အသက်ရှင်နေထိုင်သွားပါ။

လူသားတစ်ဦးအဖြစ် ဖွားမြင်လာသည့်နောက်ပိုင်း တန်ဖိုးရှိသူတစ်ဦးအဖြစ် မိမိကိုယ်ကိုအပြင် တစ်ပါးသူများနှင့် ပတ်ဝန်းကျင်အသိုင်းအဝန်းတွင် နေထိုင်သွားရန် လိုအပ်ပါသည်။ တန်ဖိုးမဲ့စွာ အချိန်ဖြုန်းတီးပစ်ပြီးမှ နောင်တတရားဖြင့် အသက်မရှင်သင့်ပါ။



mgyoe.com

mgyoe.com
SAMPLE BOOK


အသက်ငယ်ရွယ်စဉ်တွင် ကြိုးစားလုပ်ကိုင်ရန် လိုအပ်ပါသည်။ သို့မှသာ အသက်ရွယ်ကြီးရင့်လာသောအခါတွင် ပင်ပန်းစွာလုပ်ကိုင်ရန်မလိုဘဲ နေရပါလိမ့်မည်။

အသက်ငယ်ရွယ်စဉ်ကာလ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းစဉ်အရွယ်တွင် လုံ့လဝီရိယနှင့် ဇွဲနပဲကြီးစွာ ကြိုးစားလုပ်ကိုင်သင့်ပါသည်။ အသက်အရွယ်ကြီးလာသည့်အခါတွင် မည်သို့သောအလုပ်မျိုးမဆို လုပ်ကိုင်နိုင်မည့် ခွန်အားရှိမည်မဟုတ်ပေ။ ငယ်ရွယ်စဉ် အလုပ်လုပ်ကိုင်ရာ၌ အတွေ့အကြုံကောင်းများရနိုင်သည့်အလုပ်မျိုး ရွေးချယ်သင့်ပါသည်။ ရာထူးတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လိုပါက ဗဟုသုတများရနိုင်သည့်အလုပ်မျိုး ရွေးချယ်သင့်ပါသည်။ အလုပ်ကြိုးစားလုပ်ကိုင်ခြင်း၏ရလဒ်မှာ ဘဝကို တန်ဖိုးရှိစွာ ဖြတ်ကျော်ခြင်းပင်ဖြစ်ပါသည်။ အသက်အရွယ်တစ်ခုရောက်လာလျှင် စိတ်သွားတိုင်းကိုယ်မပါနိုင်တော့သဖြင့် ထင်တိုင်းခရီးမပေါက်၊ လုပ်ချင်သည့်အရာများကို ဖြည့်စွမ်းနိုင်ခြင်းရှိမည်မဟုတ်ပေ။

အရေးကြီးဆုံးအချက်မှာ အချိန်မဖြုန်းဘဲ မိမိအချိန်များကို အလုပ်လုပ်ခြင်းဖြင့် အသုံးချသင့်ပါသည်။ မိမိအလုပ်ကို ချစ်မြတ်နိုးလျှင် စနေ၊ တနင်္ဂနွေ အပါအဝင်အားလပ်ရက်များတွင်ပါ လုပ်ကိုင်နိုင်ပါသည်။

*လူ့လောကတွင် ဖွားမြင်ပေါက်ဖွားလာသောလူသားတစ်ဦးအနေဖြင့် အချိန်ကို တန်ဖိုးရှိစွာ အသုံးချခြင်းဖြင့် အဖိုးတန်သူတစ်ဦးအဖြစ် တည်ဆောက်သွားပါ။ သို့မှသာ အသက်အရွယ် ကြီးရင့်လာသည့်အချိန်တွင် ထိုအချိန်ကောင်းများအတွက် နောင်တရနေမည်မဟုတ်ပေ။*

■


mgyoe.com

m g y o e . com SAMPLE BOOK

၈

နေရာတိုင်းတွင် ဗဟုသုတရှိပါသည်။ မည်သို့ရယူမည်ဆိုသည်မှာ မိမိနှင့်သာ သက်ဆိုင်ပါသည်

မည်သည့်နေရာ မည်သည့်အချိန်တွင်မဆို ဗဟုသုတကို ရှာဖွေနိုင်ပါသည်။ အဓိကအချက်မှာ မည်သို့ရှာဖွေမည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်မည်ဆိုသည်ပင် ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK


လူတချို့သည် မိမိပတ်ဝန်းကျင်နှင့် အတွေ့အကြုံများပေါ် မူတည်၍ သင်ယူနိုင်စွမ်းရှိတတ်ပါသည်။ ထိုသူတို့အနေဖြင့် သင်ယူလေ့လာရသည့်ဗဟုသုတအတွေ့အကြုံများက ကျောင်းသင်ခန်းစာများထက် ပိုမိုအကျိုးရှိတတ်ပါသည်။

နေရာတိုင်းတွင် ဗဟုသုတများရှိနေတတ်ရာ အချိန်နှင့် အခြေအနေပေါ် မူတည်၍ သင်ယူတတ်ရန် လိုအပ်ပါသည်။

ယနေ့ခေတ်အချိန်အခါတွင် ပညာ၏အရေးပါပုံက ပိုမိုသိသာလာပါသည်။ ဘွဲ့တစ်ခုရရုံနှင့် မလုံလောက်တော့ဘဲ မဟာဘွဲ့၊ ထိုမှတစ်ဆင့် ပါရဂူ စသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် သင်ယူထားရန် လိုအပ်လာပြီဖြစ်ပါသည်။ သေချာစွာလေ့လာသုံးသပ်ပါက ဖတ်စာစာအုပ်များနှင့် တက္ကသိုလ်များတွင်သာ "ပညာဗဟုသုတ" ရှိနေခြင်းမဟုတ်ဘဲ နေရာတကာတွင် ရှိနေကြောင်း သိနားလည်သင့်ပါသည်။

*အခြေအနေမှန်တွင် သင်ယူခဲ့ရသော ဗဟုသုတနှင့် မိမိ၏အတွေ့အကြုံတို့ပူးပေါင်းပြီး ဘဝစိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။*

■

mgyoe.com

mgyoe.com SAMPLE BOOK

## ၉

ပထမဆုံးသောအမှားသည် မိမိ၏သင်ဆရာဖြစ်ပါသည်။

အလုပ်လုပ်လျှင် အမှားနှင့် ကြုံတွေ့တတ်ရာ ထိုအမှားမှ သင်ခန်းစာယူတတ်ရန် လွန်စွာအရေးပါလှပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK


အလုပ်လုပ်သူတိုင်း အမှားနှင့် မကင်းကြပေ။ သို့သော် အရေးကြီးသည်မှာ မိမိအမှားကို သိရှိပြီး သုံးသပ်ဆန်းစစ်တတ်ရန်ဖြစ်ပါသည်။ အကယ်၍ အမှားတစ်ခုတည်းကိုသာ ထပ်ခါတလဲလဲ လုပ်ဆောင်နေပါက အတွေ့အကြုံမှသင်ယူခွင့်ဆိုသည့် အခွင့်အရေးကို ဆုံးရှုံးသွားပါသည်။

အမှားလုံးဝကင်းရှင်းသည့်အလုပ်မျိုး လွန်စွာရှားပါးလေသည်။ အလုပ်တိုင်းတွင် တစ်ခါတစ်ရံ အချိန်နှောင့်နှေးခြင်းကြောင့်လည်းကောင်း၊ သတင်းအချက်အလက်မပြည့်စုံခြင်းကြောင့်လည်းကောင်း၊ မှန်ကန်စွာဆင်ခြင်တွေးခေါ်မှုမရှိခြင်းကြောင့်လည်းကောင်း အမှားများကြုံတွေ့ရပါသည်။ ပထမအကြိမ်အမှားကျူးလွန်ခြင်းကို လက်ခံနိုင်ဖွယ်ရှိသော်လည်း မှားရခြင်း၏အကြောင်းရင်းကို ဆန်းစစ်ရှာဖွေ လေ့လာသုံးသပ်ရန် အရေးကြီးလှပေသည်။

အကယ်၍ ထိုပထမအမှားကို မိမိ၏သင်ဆရာဟု မသတ်မှတ်ဘဲ ပေါ့ပေါ့ဆဆ ပြုမူပါက အလားတူအမှားမျိုးကို ကျူးလွန်ရန် အခွင့်အရေးများရှိလာမည်ဖြစ်သည်။ ထိုအခါ နောက်ဆက်တွဲရလဒ်များကို ရင်ဆိုင်ရမည်မလွဲဖြစ်ပါသည်။

*လူညံ့ဟု အထင်မြင်မခံလိုပါက အမှားတစ်ခုကို အကြိမ်ကြိမ်အခါခါ မကျူးလွန်မိရန် အရေးကြီးလှပေသည်။*

■

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၀

**အရေးပါသည့်ကိစ္စရပ်များကို သိရှိရန်စိတ်ဆန္ဒပြင်းပြပါ။**

အနှစ်သာရရှိသည့်အရာများကို ဦးစားပေးရှာဖွေခြင်းဖြင့် ဘဝကို ဖြတ်သန်းပါ။



mgyoe.com

mgyoe.cSAMPLE BOOK

လူတို့၏သဘာဝမှာ သိရှိစူးစမ်းလိုစိတ်ရှိပြီး အေးချမ်းသာယာသောလူနေမှုဘဝကို ပိုင်ဆိုင်လိုကြပါသည်။ သိရှိစူးစမ်းလိုစိတ်ပုံစံအမျိုးမျိုးရှိပြီး အချို့မှာ မိမိနှင့်သက်ဆိုင်ခြင်း ရှိ၊ မရှိ အကျိုး ရှိ၊ မရှိကို မစဉ်းစားဘဲ အရာရာကို စူးစမ်းသိလိုကြသည်။ အချိန်ကုန်လူပန်းပြီး အကျိုးမရှိကြပေ။

လူအနည်းစုသည် မိမိ၏အလုပ်နှင့်၊ လုပ်ငန်းတာဝန်နှင့် ပတ်သက်သည့်အကြောင်းအရာများကိုသာ အာရုံစူးစိုက်သိရှိရန် ကြိုးစားအားထုတ်ကြပါသည်။ မိမိတာဝန်ယူရသော၊ တာဝန်ပေးခံရသောကိစ္စရပ်နှင့် ပတ်သက်၍ အချိန်စူးစိုက် လုပ်ကိုင်လေ့လာပြင်ဆင်ကြပါသည်။

*မိမိအတွက် အသုံးဝင်သော အသုံးတည့်သောကိစ္စရပ်ကို စုဆောင်းပြင်ဆင်နိုင်မှသာ လမ်းမှန်ပေါ်တွင် တည်ရှိနေပြီး သာလွန်ကောင်းမွန်သော ဘဝရှေ့ရေးကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။*

■


mgyoe.com

mgyoe.com SAMPLE BOOK

**၁၁**

**အတိတ်ကို ဆန်းစစ်ခြင်းနှင့် ပစ္စုပ္ပန်ကို လေ့လာခြင်းတို့မှတစ်ဆင့် အနာဂတ်ကို ပြင်ဆင်နိုင်ပါသည်။**

သင့်အနေဖြင့် အတိတ်နှင့် ပစ္စုပ္ပန်ကို နှိုင်းယှဉ်သင်ခန်းစာယူတတ်ပါက အနာဂတ်အတွက် ပြင်ဆင်နိုင်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

လူတိုင်းအတိတ်မှအမှားများကို ပြန်လည်မှတ်မိ၍ လေ့လာဆန်းစစ်နေထိုင်သွားပါက ပိုမိုကောင်းမွန်သောအနေအထားသို့ ရောက်ရှိနိုင်ပါသည်။ အမှားနှင့် ဆုံးရှုံးမှုတို့မှသင်ခန်းစာများဖြင့် နောင်အလားတူအမှားများ မကျူးလွန်ရန် ဆင်ခြင်သင့်ပါသည်။ ထို့အတူ အတိတ်မှအောင်မြင်မှုများကို ပြန်လည်အမှတ်ရခြင်းဖြင့် ဂုဏ်ယူဖွယ်ဖြစ်သော်လည်း ကျေနပ်တင်းတိမ်ပြီးမနေရန် ဆင်ခြင်ရပါမည်။

အတိတ်နှင့် လက်ရှိပစ္စုပ္ပန်တို့၏ ပြောင်းလဲနေမှုနှင့် ဖြစ်နိုင်ခြေအလားအလာများကို နှိုင်းယှဉ်လေ့လာခြင်းဖြင့် အနာဂတ်အတွက် ပြင်ဆင်နိုင်ပါသည်။

နိစ္စဓူဝလုပ်ရှားမှုများကို အမြဲစဉ်ဆက်မပြတ် ဆန်းစစ်နေပါက ဆက်လက်လုပ်ဆောင်သင့် လုပ်ဆောင်နိုင်သည့် ကိစ္စရပ်များကို သင်ဆရာ မြင်ဆရာအဖြစ် သတ်မှတ်သင်ယူသင့်ပါသည်။

*ဆရာရှိခြင်းဖြင့် အမှားအမှန်သိမြင်နိုင်ပါသည်။ လုပ်ရင်းကိုင်ရင်းနှင့်ပင် ဆရာများစွာရရှိနိုင်ပါသည်။*

■


mgyoe.com

mgyoe.com SAMPLE BOOK

## ၁၂

ပညာရေးနှင့် ပတ်ဝန်းကျင်သည် လူတစ်ဦးချင်းစီ၏အရည်အသွေးကို တိုးမြှင့်စေပါသည်။

ပညာရေးဆိုသည်မှာ အတွေ့အကြုံမျိုးစုံကို ပေါင်းစုထားခြင်းဖြစ်ပြီး မိမိ၏ အရည်အသွေးများကို မြှင့်တက်စေပါသည်။



mgyoe.com

mgyoe.com 

လူတိုင်းကို သွင်ပြင်ပုံစံဖွဲ့စည်းမှု တူညီစွာဖြင့် ဖွဲ့စည်း ထားပြီး ယေဘုယျတွင် အတွေးအခေါ်၊ အမူအကျင့်များ တူညီကြလေ သည်။ ပညာရေးနှင့် ပင်ကိုအရည်အချင်းတို့ကြောင့် ကွဲပြားမှုများရှိရခြင်း ဖြစ်ပါသည်။

မည်သူမဆို မွေးဖွားသန္ဓေစင်သည်နှင့် ဗဟုသုတပြည့်စုံနေကြ သည်မဟုတ်ပေ။ လူတိုင်း သင်ယူလေ့လာခြင်းဖြင့် ဗဟုသုတရှာမှီးကြ ရသည်ဖြစ်ပါသည်။ လူတချို့သည် ဦးနှောက်ပိုမိုကောင်းမွန်ရာ သင်ယူ လေ့လာရန် လွယ်ကူပြီး အခြားသူများထက် သင်လွယ်တတ်လွယ် သိလွယ်ကြပါသည်။ ထိုသူတို့မှာ မွေးရာပါပါရမီရှိပြီး သင်ယူလေ့လာ ခြင်းဆိုသည့် ပညာရေးနှင့် ပူးပေါင်းလုပ်နိုင်လျှင် အောင်မြင်မှု ရရှိ နိုင်မည်ဖြစ်ပါသည်။

*ပင်ကိုပါရမီထူးချွန်သော်လည်း သင်ယူလေ့လာသည့် ပတ်ဝန်းကျင်တွင် ရှိမနေလျှင်၊ သို့မဟုတ် လမ်းလွဲစွာဖြင့် သင်ယူလျှင်၊ သို့မဟုတ် သင်ယူ လေ့လာရန် အခွင့်အရေးမရှိလျှင် အောင်မြင်မှုရရှိမည်မဟုတ်ပေ။ တခြားတစ်ဖက်တွင် ပင်ကိုပါရမီ အထုံအားနည်းသော်လည်း အပတ် တကုတ် ကြိုးစားသင်ယူလျှင် တစ်နေ့တွင် ထူးချွန်သောပုဂ္ဂိုလ်ဖြစ်လာ နိုင်ပါသည်။*

■

mgyoe.com

mgyoe.com SAMPLE BOOK

## ၁၃

မိမိကိုယ်ကို ချစ်မြတ်နိုးရန်အတွက် မိမိကိုယ်ကို အမြဲတိုးတက်အောင် ကြံဆောင်နေရမည်ဖြစ်ပါသည်။

မိမိကိုယ်ကို ချစ်မြတ်နိုးသူတိုင်း မိမိတန်ဖိုးရှိရန် အစဉ်ဆောင်ရွက်လေ့ရှိပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK


မိမိကိုယ်ကို ချစ်မြတ်နိုးသူများသည် မိမိတန်ဖိုးရှိရန်၊ အစဉ်တိုးတက်ရန် ကြံဆောင်တတ်ပါသည်။ မှန်ကန်ကောင်းမွန်သော ပတ်ဝန်းကျင်တွင် နေထိုင်ရန် အားထုတ်ကြသကဲ့သို့ မိတ်ဆွေကိုလည်း ရွေးချယ်ပေါင်းသင်းကြပြီး ဒုစရိုက်မှုကိစ္စရပ်များကို ရှောင်ရှားတတ်ကြပါသည်။

လူအများစုသည် မိမိကိုယ်ကိုသာချစ်တတ်ကြရာ ရေရှည်တွင် တစ်ကိုယ်ကောင်းဆန်သောသူ ဖြစ်သွားတတ်သည်။ အမှန်စင်စစ် မိမိကိုယ်ကိုကို ချစ်မြတ်နိုးခြင်းသည် မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းသာဖြစ်သင့်ပါသည်။

မိမိကိုယ်ကို ချစ်မြတ်နိုးသူတစ်ယောက်အနေဖြင့် ဘဝ၏ ပြဿနာအခက်အခဲများကို သင်ယူလေ့လာရမည်ဖြစ်ပြီး ကတိတည်ရန်၊ တစ်ပါးသူအပေါ် အခွင့်အရေးမယူတတ်ရန် သတိပြုရနေမည် ဖြစ်ပါသည်။ ဒုက္ခကြုံတွေ့နေရသူများကိုလည်း ဖေးမကူညီတတ်ပြီး မိမိ၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်တတ်ပါသည်။ စိတ်အလိုလိုက်ခြင်းနှင့် ရုပ်ဝတ္ထုပိုင်ဆိုင်ခြင်းကို ရှောင်ရှားတတ်ပါသည်။

*မိမိကိုယ်ကို ချစ်မြတ်နိုးသူတစ်ယောက်အနေဖြင့် တွယ်တာမှုသံယောဇဉ်ကို ရှောင်ရှားတတ်ပြီး ရောင့်ရဲတင်းတိမ်မှုမရှိဘဲ တိုးတက်မှုနှင့် ဆက်စပ်သည့် ပြောင်းလဲမှုမှန်သမျှကို သင်ယူလေ့လာကြပါသည်။ ထို့အပြင် မိမိ၏မိသားစုအတွက် စဉ်းစားလုပ်ကိုင်ကြပါသည်။*

■


mgyoe.com

mgyoe SAMPLE BOOK

## ၁၄

အခြေခံအားနည်းသူများအနေဖြင့် စိတ်ဓာတ်ကျရန် မလိုပေ။

မိမိထက် ပိုမိုကြိုးစားလုပ်ကိုင်သူကို မနာလိုဝန်တိုခြင်းသည် မိမိ၏ မျှော်လင့်ချက်ကင်းမဲ့သောအခြေအနေကို သိမြင်စေပါသည်။ မိမိ၏ ဉာဏ်စွမ်းဉာဏ်စရှိသမျှ အစွမ်းကုန်အားထုတ်၍ သင်ယူလေ့လာခြင်းဖြင့် ရည်မှန်းချက်ပြည့်မီအောင် ကြိုးစားလုပ်ကိုင်ရမည်သာဖြစ်ပါသည်။



mgyoe.com

တစ်ခါတစ်ရံ မိမိထက် အောင်မြင်သူကို တွေ့မြင်ရလျှင် မနာလိုဝန်တိုတတ်သည်မှာ လူ့သဘောပင်ဖြစ်ပါသည်။ ဖြစ်နိုင်ခြေတစ်ခုမှာ ထိုသူတို့၏နောက်ခံသမိုင်းကို ဂဃနဏမလေ့လာမိခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

လူတစ်ဦးစီတွင် မတူညီသည့် ပင်ကိုပါရမီအရည်အချင်းများ ရှိတတ်ပြီး မတူညီကွဲပြားသည့်၊ ထိတွေ့ရသည့်ပတ်ဝန်းကျင်များမှ တစ်ဆင့် ဘဝပုံစံများ ပြောင်းလဲလာရပါသည်။

အခြေခံကောင်းများရှိသူတစ်ဦးအဖို့ အောင်မြင်ရန် ပိုမိုနီးစပ်သော်လည်း ဉာဏ်ပညာဗဟုသုတ ပိုမိုပြည့်စုံ၍ လုပ်ဆောင်ရည်မြင့်မားသူများအဖို့ အမြဲတမ်းအောင်မြင်မှုရနိုင်ပါသည်။ မနာလိုဝန်တိုခြင်းသည် အကျိုးမရှိပေ။

ထို့ကြောင့် အခြေခံအားနည်းသူအဖို့ စိတ်ဓာတ်ကျရန် မလိုအပ်ပေ။

*လုပ်ဆောင်သင့်သည့်အရာမှာ မိမိကိုယ်ကိုတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ မိမိ၏အရည်အချင်းများကို အကောင်းဆုံးအသုံးချ၍ လုပ်ဆောင်ခြင်းသည် အောင်မြင်မှုပန်းတိုင်သို့ ချဉ်းကပ်ရန် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။*

■


mgyoe.com

mgyoe.com SAMPLE BOOK

## ၁၅

## စကားပြောဆိုခြင်းမှတစ်ဆင့် မိမိအဆင့်အတန်းကို သိသာစေပါသည်။

နှုတ်ထွက်စကားကြောင့် မိမိအား ပညာမဲ့သူ၊ သို့မဟုတ် ပညာရှိသူဟု ခွဲခြားသိမြင်နိုင်စေသဖြင့် မည်သို့ပြောဆိုရမည်ကို သင်ယူသင့်ပါသည်။ သင့်လျော်မှန်ကန်စွာပြောဆိုတတ်သူအနေဖြင့် အကျိုးရှိပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK


စကားပြောဆိုခြင်းသည် မိမိ၏စိတ်ကို ဖွင့်လှစ်ပြခြင်းဖြစ်ပါသည်။ ဆင်ခြင်ဉာဏ်တရားကင်းမဲ့သူများ စကားပြောလျှင် အကျိုးအကြောင်းဆင်ခြင်တုံတရား ကင်းမဲ့သကဲ့သို့ အခြေခံသဘောတရားမရှိဖြစ်တတ်ပါသည်။

တစ်ခါက ကျွန်တော့်မိတ်ဆွေက ကျွန်တော့်ကို "အဘယ်ကြောင့် သူ တင်သွင်းသည့်အလားတူကုန်ပစ္စည်းများကို ဝယ်ယူရောင်းချနေသနည်း။ ခင်ဗျားကို နစ်နာအောင် ကျွန်တော် လုပ်ဖူးသလား။ ခင်ဗျားကို နစ်နာအောင်ပြောဆိုဖူးသလား" ဟု မေးလေသည်။ ထိုအခါ ကျွန်တော်လည်း အခြေအနေကို ဆန်းစစ်လေ့လာကြည့်ရာ သူကအမှန်အတိုင်း ပြောဆိုသဖြင့် ကျွန်တော့်အနေဖြင့် သူ့ကို တောင်းပန်ပြီးနောင်တွင် ထပ်မံလုပ်ကိုင်မည်မဟုတ်ကြောင်း ကတိပြုခဲ့လေသည်။

ထိုမိတ်ဆွေမျိုးသည် မိမိကြုံတွေ့ရသော စိတ်ခံစားချက်ကို နူးညံ့သိမ်မွေ့စွာဖြင့် ကျွန်တော့်ကို အသိပေးနိုင်ခဲ့သဖြင့် ပြေလည်မှုရရှိသွားခြင်း ဖြစ်ပါသည်။ အကယ်၍ထိုသို့မဟုတ်ဘဲ ဒေါသတကြီးနှင့် ရိုင်းရိုင်းစိုင်းစိုင်းချဉ်းကပ်လာပါက ပြဿနာကြီးထွားနိုင်ပါသည်။

*မည်သို့ပြောဆိုရမည်ကို သိရှိရန် လွန်စွာအရေးပါလှပါသည်။ လူတချို့အနေဖြင့် စဉ်းစားဆင်ခြင်တွေးတောမှုကင်းမဲ့စွာဖြင့် ပြောဆိုတတ်ပါသည်။ ရလဒ်မှာ မိတ်ဆွေအပေါင်းအသင်းများ၏စွန့်ခွာခြင်း၊ အလုပ်ကို ထိခိုက်ခြင်း၊ တစ်ခါတစ်ရံအလုပ်မှ ထုတ်ခံရသည်ထိဖြစ်နိုင်ပါသည်။ အကျိုးရှိရှိပြောဆိုတတ်ရန် လိုအပ်ပါသည်။*

■

mgyoe.com

mgyoe.com SAMPLE BOOK

၁၆

ပညာအနည်းငယ်ရှိလျှင် အလုပ်အနည်းငယ်လုပ်ကိုင်နိုင်ပါသည်။

အကယ်၍ပညာအားနည်းလျှင် စိတ်ဓာတ်ကျရန် မလိုသကဲ့သို့ အခြေခံကောင်းများ မရှိပါကလည်း အချောင်ခိုနေရန် မသင့်ပေ။



mgyoe.com

mgyoe.com SAMPLE BOOK


ပညာအားနည်းလျှင်၊ ဘွဲ့မရလျှင် စိတ်ဓာတ်ကျရန် မလိုအပ်သကဲ့သို့ အလုပ်ချေးများရန် မဖြစ်သင့်ပေ။ အလုပ်လုပ်ကိုင်ခြင်းမှ တစ်ဆင့် ဗဟုသုတနှင့် အတွေ့အကြုံကို ရရှိစေပါသည်။

ပညာရေးအားနည်းသော်လည်း စာဖတ်ခြင်းနှင့် သင်ယူနားထောင်ခြင်းအလေ့ကျင့်ပြုရန် လိုအပ်ပါသည်။ မိမိနိုင်ငံ၊ မိမိအလုပ်နှင့် ပတ်သက်သည့် သတင်းများကို သိရှိနေရန် လိုအပ်သကဲ့သို့ ဈေးကွက်နှင့် ပတ်သက်သည့်လှုပ်ရှားမှုများကို နားစွင့်နေရမည်ဖြစ်ပါသည်။ စူးစမ်းလိုစိတ်ရှိစွာဖြင့် ဗဟုသုတနှင့် အတွေ့အကြုံပြည့်ဝသူများထံမှ သင်ယူလေ့လာရမည်ဖြစ်ပါသည်။ သင်ယူလေ့လာသိရှိသော ဗဟုသုတနှင့် အတွေ့အကြုံများကို မိမိဘာသာသုံးသပ်လေ့လာပြီး မိမိ၏အလုပ်အတွက် အခြေခံများအဖြစ် ပြင်ဆင်ထားရန် ဖြစ်ပါသည်။

မိမိတာဝန်နှင့် ပတ်သက်၍ တာဝန်ယူလုပ်ကိုင်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။ လေးလံသောပစ္စည်းများထမ်းချ၍ဖြစ်စေ၊ ကုန်ရောင်းကုန်ဝယ်ဖြစ်စေ၊ ဖောက်သည်များနှင့် တွေ့ဆုံသည်ဖြစ်စေ မိမိတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမည်။ တာဝန်နှင့်ပတ်သက်၍ အချောင်ခိုလိုစိတ်ကင်းမဲ့ရန်လိုပြီး အလုပ်တာဝန်များကို သင်ယူလေ့လာနိုင်သောအခွင့်အရေးများအဖြစ် မှတ်ယူတတ်ရန် လိုအပ်ပါသည်။

*အထက်ပါအတွေးအခေါ်ခံယူချက်များဖြင့် ဘဝစိန်ခေါ်မှုများကို ရင်ဆိုင်သွားရန်ဖြစ်ပါသည်။ အတွေ့အကြုံဗဟုသုတသစ်များကို ပင်ပန်းခံ၍ ရှာဖွေစုဆောင်းပြီး မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယဖြင့် လုပ်ကိုင်ကြိုးစားပါက မုချအောင်မြင်မည်ဖြစ်ပါသည်။*

■

mgyoe.com